ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (24-8-2005) (၄၆၉၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ယူကရိန်းသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့တွင် သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၄

၂၀၀၅ ခုနှစ် ဩဂုတ် ၂၄ ရက်၌ ကျရောက်သော ယူကရိန်းသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ယူကရိန်းသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဗစ်တာ ယူရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး **Col.Victor S. Timoshkov** နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် **Col.Vladimir I. Konchakov** တို့အား ယနေ့နံနက် ဧနာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး **Col.Victor S. Timoshkov** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် **Col.Vladimir I. Konchakov** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧေယျာသီရိဗိမာန် ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၄-၈-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

စက်မှုခေတ်သစ်သို့ ကူးပြောင်းနိုင်ရေးကြိုးပမ်း လုပ်ငန်းများအပြန်အလှန်ချိတ်ဆက် ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာရေးတို့အတွက် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးရင်း လိုအပ်ချက်များကို ကဏ္ဍစုံ၊ နယ်ပယ်စုံတွင် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ယနေ့ကာလတွင် နိုင်ငံတော်က ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များကို တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေသည့် လုပ်ဖော်ကိုင်ဖက် အင်အားစုများအဖြစ် သဘောထားပြီး လုပ်ကိုင်မှုအခွင့်အလမ်းများနှင့်အတူ အဘက်ဘက်က အားပေးကူညီပံ့ပိုးပေးနေသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပဓာနကျသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားအကောင်အထည် ဖော်လျက်ရှိသကဲ့သို့ သွင်းကုန်အစားထိုးလုပ်ငန်းများ၊ ပြည်ပပို့ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် မြေယာအခြေပြုစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်လည်း စီမံဆောင်ရွက်လျက်ရှိသည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဩဂုတ်လ ၂၂ ရက်နေ့က ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာစက်မှုဇုန် (၃)ရှိ Fair Sun ကုမ္ပဏီ၏ မိုနှင့် ဒိုင် စက်မှုလုပ်ငန်းစက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ အားပေးမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက စက်ရုံဧည့်ခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် **ပုဂ္ဂလိက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာ ဒေသအလိုက် ဖွံ့ဖြိုးပြီးအလုပ်အကိုင် အခွင့်အလမ်းများ ကျယ်ပြန့်စွာရရှိလာမှာ ဖြစ်သည့်အပြင် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းသည်လည်း မြင့်မားတိုးတက်လာမှာဖြစ်ကြောင်း၊ ခေတ်မီနိုင်ငံတော် ဖြစ်ပေါ်ရေးအတွက် အခြေခံကောင်းများလည်း ခိုင်မာလာမှာဖြစ်ကြောင်း** မှာကြားသွားသည်။

နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စက်မှုအခြေခံရှိသည့် နယ်မြေဒေသများနှင့် အခြေအနေပေးသော နယ်မြေဒေသများ၌ စက်မှုဇုန်များ ထူထောင်ကာ ပုဂ္ဂလိကစက်ရုံအလုပ်ရုံများ ပေါ်ထွက်လာရေး အားပေးကူညီနေသည်။ ထူထောင်ပြီး စက်မှုဇုန်များအနက် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် အေးသာယာ(တောင်ကြီး) စက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျိုလုပ်ငန်းနှင့် ပုံလောင်း၊ ပုံထောင်း၊ သံခုတ်စားအချောကိုင်စက်မှုလုပ်ငန်းများ လုပ်ကိုင်နေကြပြီဖြစ်သည်။

စက်မှုလုပ်ငန်းစက်ရုံများအနေဖြင့် ထုတ်ကုန်အမြောက်အမြားကို အရည်အသွေးမီ ပုံစံမီထုတ်လုပ်ရာတွင် မိုနှင့်ဒိုင်သည် မရှိမဖြစ်လိုအပ်သည့် ပစ္စည်းများဖြစ်သည်။ စက်ပစ္စည်းအစိတ်အပိုင်း အမြောက်အမြား ထုတ်လုပ်ရသော လုပ်ငန်းများဆောင်ရွက်ရာ၌ မိုနှင့်ဒိုင်များကို ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများမှ တန်ဖိုးကြီးမားစွာပေး၍ မှာယူအသုံးပြုနေကြရသည်။

ယခုအခါ ရွှေပြည်သာစက်မှုဇုန်(၃)တွင် တည်ထောင်ထားသည့် Fair Sun ကုမ္ပဏီ၏ စက်ရုံက ခေတ်မီ မိုနှင့်ဒိုင်များကို ထုတ်လုပ်ပေးနိုင်သည့်အပြင် သယ်ယူပို့ဆောင်ရေး စက်ကိရိယာများ၊ စက်မှုလုပ်ငန်းသုံး စက်ကိရိယာများ၊ လျှပ်စစ်လုပ်ငန်းသုံး စက်ကိရိယာများနှင့် မှန်ဘီလူးအမျိုးမျိုးထုတ်ယူသည့် စက်မှုကိရိယာများကိုလည်း အပ်နှံမှာကြားသည့်အတိုင်း ထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။

ပုဂ္ဂလိကပိုင် ခေတ်မီသံထည်ပစ္စည်းများ ကိုယ်တွယ်ပုံလောင်းနိုင်သည့် စက်မှုလုပ်ငန်းများကို ယခုကဲ့သို့ အခြေချ ထူထောင်လာနိုင်ခြင်းသည် နိုင်ငံတော်အတွက် စက်မှုခေတ်သစ်ကို အရည်အချင်းရှိရှိ ကူးပြောင်းနိုင်မည့် အရေးပါသော အလှည့်အပြောင်းသို့ ရောက်ရှိနေခြင်းပင် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စေတနာနှင့် ပံ့ပိုးကူညီစောင့်ရှောက်မှုများနှင့်အတူ စက်မှုခေတ်သစ်သို့ ကူးပြောင်းနိုင်ရေး ကြိုးပမ်းလျက်ရှိသည့်အချိန်အခါတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များအနေဖြင့် စက်မှုဇုန်များ၊ စက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ပူးပေါင်း အတွေ့အကြုံ ချင်းဖလှယ်ပြီး စက်မှုကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အားကြိုးမာန်တက် ကြိုးပမ်းလုပ်ကိုင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေးဆောင်ရွက်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် တန့်ယန်းမြို့မှတစ်ဆင့် သံလွင်မြစ်ကူးတာကော်အက်တံတားသို့ရောက်ရှိပြီး ဒေသဖွံ့ဖြိုးရေးဝန်ထမ်းများ၊ လုံခြုံရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှဆက်လက်ထွက်ခွာရာ နံနက် ၉နာရီတွင် မန်မန်ဆိုင် အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး နယ်စပ်ဒေသပညာရေး၊ ကျန်းမာရေး ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ၍ တင်ပြချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများ ထောက်ပံ့ပစ္စည်းများကိုဝန်ကြီး၊ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေးအပ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဝိန်းကောင်သို့ ရောက်ရှိပြီး ဝိန်းကောင်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ ရုပ်မြင်သံကြားထုတ်လွှင့်ပြသမှု အခြေအနေကို စစ်ဆေးပြီး တာဝန်ခံ ဦးသန်းလွင်၏ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် ဝိန်းကောင် အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည့် ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တောင်သူများ ရိက္ခာဆန်ထောက်ပံ့မှု အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ် WFP မှ ဒေသတာဝန်ခံ မစ္စတာလီယူဒင်းက "ဝ" ဒေသ၌ ဆန်ထောက်ပံ့ဖြန့်ဝေမှုအခြေအနေများကိုတင်ပြပြီး ဝန်ကြီးနှင့် အဖွဲ့ဝင်များက ကုလသမဂ္ဂ ဝန်ထမ်းများနှင့်အတူ ကျောင်းသား၊ ကျောင်းသူများနှင့် ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်ခဲ့သော ဒေသခံတိုင်းရင်းသားများသို့ လတ်တလော စားသုံးရန် ဆန်များထောက်ပံ့ ပေးအပ်သည်။

ဝန်ကြီးနှင့် အဖွဲ့သည် ဝိန်းကောင် ဒေသပတ်ဝန်းကျင် ကျေးရွာများဖြစ်သော နမ့်တုတ်ရွာ၊ ကိုဟောင်ရွာ၊ နမ့်ဖရေးရွာ၊ အယိုသေရွာတို့အတွက် ရုပ်မြင်သံကြားစက်များ ထောက်ပံ့ပေးအပ်ရာ ကျေးရွာကိုယ်စားလှယ်များက လက်ခံရယူကြသည်။ ဆက်လက်၍ ဝိန်းကောင်ဒေသ နယ်စပ်ဝန်ထမ်းများအတွက် ဝတ်စုံများ၊ ထောက်ပံ့ပစ္စည်းများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် မန်မန်ဆိုင်အမကကျောင်းအတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။ (နယ်စပ်/စည်ပင်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

အင်းစိန်မြို့နယ် အခြေခံကျောင်းပေါင်းစုံ ပညာရည်ချွန်ဆုနှင့် ထူးချွန်ဆု ရသူများအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၉ရက်က အထက(၁) ရောခန်းမ၌ကျင်းပရာ လက်ထောက်ပညာရေးမှူး ဦးသီလ အမက(၁)ဗဟိုမှ ဘက်စုံ ပထမ၊ ဘာသာစုံပထမ၊ လူမှုရေးပထမ အပါအဝင် ထူးချွန်ဆု ခုနစ်ဆုရ မောင်ဇွဲအောင်ရှိန်းအား ဆုချီးမြှင့်စဉ်။ (၆၁)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ နေ့စဉ်မပြတ် လှူဒါန်းလျက်ရှိ

ရန်ကုန် ဩဂုတ် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ဖွင့်လှစ် ဆောင်ရွက်လျက်ရှိရာ အဆိုပါစာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက စာအုပ်နှင့် ငွေပဒေသာပင်များကို နေ့စဉ်မပြတ် ပေးပို့လှူဒါန်းလျက်ရှိကြသည်။

ယခု ဩဂုတ်လ တတိယရက်သတ္တပတ်အတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)သို့ တိုက်ရိုက် လှူဒါန်းခဲ့ကြသည့် အလှူရှင်များမှာ ဦးစိုးပိုင်-ဒေါ်ခင်မျိုးသိန်း မင်္ဂလာတောင်ညွန့်မြို့နယ်က ဂျာနယ်စုံ အစောင် ၁၀၀၊ ကိုမောင်မောင်ကျော်-မအေးအေးမော်အလုံမြို့နယ်က ဂျာနယ်စုံ အစောင်၂၀၀၊ ဦးစောထွန်းလှိုင်-ဒေါ်ခင်ဆွေဦး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်က ဘာသာရေးစာစောင် အစောင် ၁၀၀၊ ဦးဇေယျာဝင်း ဒလမြို့နယ်က ဂျာနယ်စုံ အစောင် ၁၀၀၊ ဦးတင်ရွှေ မိသားစု (ရွှေကောင်းဆောက်လုပ်ရေး) က အောင်မြင်သူတို့ရဲ့ အပြုအမူ စာအုပ် ၂၅၀၊ မလဲ့မွန်အောင် ပုဇွန်တောင်မြို့နယ်က မြန်မာတိုင်း(မ်) ဂျာနယ် အစောင် ၁၄၀၊ ဒေါ်ခင်ညွန့် တာမွေမြို့နယ်က မဂ္ဂဇင်း၊ ဂျာနယ်စုံ ၁၁၂အုပ်၊ ဦးမြင့်လွင် တာမွေမြို့နယ်က မနောမယ ဂျာနယ် ၁၆၈ စောင်၊ ဦးစိန်ဖိုး မင်္ဂလာတောင်ညွန့်မြို့နယ်က ဂျာနယ်စုံ ၁၂၂ စောင်၊ ဦးတင်မောင်ဝင်း-ဒေါ်ခင်ထွေးရီ အောင်မင်္ဂလာရပ် ကလေးမြို့က ရိုးရိုးကျင့်မြင့်မြင့်ကြံနှင့် ခိုင်မာချမ်းသာစေ ပညာအမွေစာအုပ် ၁၆၀၊ ဦးဥတ္တရ (ဘယသုဒ္ဓိကျောင်း) ကျောက်မြောင်းက မဂ္ဂဇင်း၊ ဂျာနယ်စုံအုပ်ရေ ၃၂၀၊ ဦးဘုန်းမြင့် မိသားစု ကျောက်ဖြူမြို့က ရိုးရိုးကျင့်မြင့်မြင့်ကြံနှင့် ခိုင်မာချမ်းသာစေ ပညာအမွေ စာအုပ် ၁၆၀၊ ဦးဘုန်းကျော်မြင့်-မလဲ့လဲ့မော် ဗိုလ်တထောင်မြို့နယ်က မဂ္ဂဇင်း၊ ဂျာနယ်စုံ ၅၆၃အုပ်၊ ဗိုလ်မှူးကြီးမြင့်အောင်-ဒေါ်နုနုရီမိသားစု (တော်ဝင်ရိပ်သာ) တောင်ဥက္ကလာပမြို့နယ်က ဂျာနယ်စုံ ၁၂၁ စောင်တို့ ဖြစ်ကြသည်။

အဆိုပါအလှူရှင်များထံ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကျေးဇူးတင်ဂုဏ်ပြုလွှာများကိုပေးပို့လျက်ရှိကြောင်းနှင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များနှင့် ငွေပဒေသာပင်များကို အမှတ် (၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သို့ လူကိုယ်တိုင် လည်းကောင်း၊ ဖုန်း ၂၅၂၄၅၈၊ ၃၇၁၃၃၉ နှင့် ၃၇၉၇၆၉ တို့သို့လည်းကောင်း ဆက်သွယ် လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ထို့သို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိ ဗိုလ်ချုပ်မြင့်ဆွေတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Col. Victor S. Timoshkov နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Col. Vladimir I. Konchakov တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သြစတြီးယားသံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

ရန်ကုန် သြဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သြစတြီးယားနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး ဒေါက်တာ ဟာလ်ဘတ်၊ ထရက်စ်၏နေရာတွင် မစ္စတာ အာနို၊ ရီဒယ်(လ်)အား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ အာနို၊ ရီဒယ်(လ်)သည် ၁၉၅၃ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၇၅ ခုနှစ်တွင် အင်း(စ်)ဘရတ်ခ်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် ဗီယင်နာမြို့ရှိ စီးပွားရေးတက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ မဟာဘွဲ့ကိုရရှိခဲ့သည်။ ၎င်းသည် ၁၉၈၀ ပြည့်နှစ်တွင် သြစတြီးယားနိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး သြစတြီးယားနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဘူတာပတ်စ်မြို့၊ ဂျကာတာမြို့၊ တီဟီရန်မြို့နှင့် ရောမမြို့များရှိ သြစတြီးယားသံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ အယ်လ်ဘေးနီးယားနိုင်ငံဆိုင်ရာ သြစတြီးယားသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ၎င်းသည် သြစတြီးယား နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဥရောပကော်မရှင် အဖွဲ့ဝင်နိုင်ငံများ တိုးချဲ့ရေးဌာန၌ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ အာနို၊ ရီဒယ်(လ်)သည် ထိုင်းနိုင်ငံဆိုင်ရာ သြစတြီးယားနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသည့် သံအမတ်ကြီးတစ်ဦးဖြစ်ပြီး ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သြစတြီးယားသံအမတ်ကြီးအဖြစ် ပူးတွဲ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သား၊ သမီး နှစ်ဦးရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ယူနိုကယ်ဥက္ကဋ္ဌ တွေ့ဆုံ

ရန်ကုန် သြဂုတ် ၂၃

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား Unocal ဥက္ကဋ္ဌ Mr. David C. Peters သည် ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက် တွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာန ဌာနမှူး ရဲမှူးကြီးစစ်အေးနှင့် ရုံးအဖွဲ့မှူး ဦးကျော်စန်းတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ယူကရိန်းသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် သြဂုတ် ၂၄

၂၀၀၅ခုနှစ် သြဂုတ် ၂၄ရက်၌ ကျရောက်သော ယူကရိန်းသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ယူကရိန်းသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဘိုးရစ်တာရာ့(စ်)ယု(ခ့်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။(သတင်းစဉ်)

သြဂုတ် ၂၁ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၉)ရပ်ကွက် အမက(၆) ကျောင်းဝင်းအတွင်း မြက်ပင်၊ ပေါင်းပင်များကို ရပ်ကွက်ဥက္ကဋ္ဌ ဦးဆောင်၍ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းရှင်းလင်းကြစဉ်။ (၆၃)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် မေခလမ်းသွယ်(၁) မေခအိမ်ရာနေ ဒေါ်မြင့်ဆွေက မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။

(က-ပ)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း (၆၀)ဖြစ်သည်။

အာဖဂန်တွင် စစ်ရဟတ်ယာဉ်ပျက်ကျမှု စုံစမ်းစစ်ဆေး စက်မှုဆိုင်ရာချို့ယွင်းချက်ကြောင့် ပျက်ကျဟု ထင်မြင်ယူဆ

မဒရစ် ဩဂုတ် ၂၂

ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင် ၁၇ဦးသေဆုံးစေခဲ့သည့် စစ်ရဟတ် ယာဉ်ပျက်ကျမှုကို စုံစမ်းစစ်ဆေးလျက်ရှိသော စပိန်စုံစမ်းရေးမှူးများက ယင်းရဟတ်ယာဉ်သည်ပစ်ခတ်ခံရမှုကြောင့် ပျက်ကျခြင်းဖြစ်နိုင်သည့် အလားအလာကို ပယ်ချလိုက်ကြောင်းဖြင့် အယ်လ်ပိုက်စ်သတင်းစာက တနင်္ဂနွေနေ့ကရေးသားသည်။

ဘူဂါအမျိုးအစား ရဟတ်ယာဉ်တစ်စင်း ဟီရက်မြို့အနီး အင်္ဂါနေ့က ပျက်ကျခဲ့ရာနေတိုးဦးဆောင်သည့် နိုင်ငံတကာ လုံခြုံရေးနှင့် အကူအညီပေးရေးတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)နှင့်အတူ တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင် ၁၇ဦးစလုံးသေဆုံးခဲ့ကြသည်။ ဒုတိယမြောက် ရဟတ်ယာဉ်က အရေးပေါ်ဆင်းသက်ခဲ့ရာ တပ်ဖွဲ့ဝင်ငါးဦးအနည်းငယ်စီ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

အဆိုပါ ရဟတ်ယာဉ်သည် ပစ်ခတ်တိုက်ခိုက်မှုကြောင့်၊ သို့တည်းမဟုတ် မတော်တဆဖြစ်မှုကြောင့် ပျက်ကျခြင်းဖြစ်နိုင်သည်ဟု ကာကွယ်ရေးဝန်ကြီး ဂျိုဆေးဘိုနိုက အင်္ဂါနေ့တွင် ပြောကြားသည်။ ပြောက်ကျားများက အဆိုပါ ရဟတ်ယာဉ်ကို ပစ်ချခဲ့သည်ဟု ထိပ်တန်း တာလီဘန်တပ်မှူးဖြစ်သူ မူလာဒက်ဒူလာက ပြောကြားသည်။ သို့ရာတွင် သက်သေအထောက်အထား ပြသခြင်းမရှိပေ။

ရေးသားဖော်ပြ

ယင်းရဟတ်ယာဉ်အား တိုက်ခိုက်ခံရသည့်လက္ခဏာတစ်စုံတစ်ရာ မတွေ့ရှိရကြောင်း ဖော်ပြပါ သတင်းစာက အမျိုးသား ထောက်လှမ်းရေးဌာနအား ကိုးကား၍ ရေးသားဖော်ပြသည်။

ဟီရက်မြို့သည် အာဖဂန်နစ္စတန်နိုင်ငံတွင် အတန်အသင့် လုံခြုံမှုရှိသည့်မြို့ဖြစ်ပြီး ယင်းမြို့သည် အခြားဒေသများနှင့် နှိုင်းစာပါက တာလီဘန်နှင့် အစ္စလမ္မစ်အုပ်စုများ တက်တက်ကြွကြွ လှုပ်ရှားမှုမရှိသောနေရာဖြစ်သည်။

စုံစမ်းစစ်ဆေးရေးမှူးများက စက်မှုဆိုင်ရာချို့ယွင်းချက်ကြောင့် ရဟတ်ယာဉ်ပျက်ကျသည်ဟု ထင်မြင်ယူဆထားသည်ဟု သတင်းစာက ဆက်လက်ရေးသားသည်။ ***အမ်အင်အေ၊ရိုက်တာ။***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် လုံခြုံရေး ဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မော်တော်ယာဉ် မတော်တဆမှုဖြစ်ပွား ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၂

အီရတ်နိုင်ငံတွင် တနင်္ဂနွေနေ့ညက မော်တော်ယာဉ်မတော်တဆဖြစ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်သည် ဘဂ္ဂဒက်မြို့တော် အနောက်မြောက်ဒေသမှ ကီလိုမီတာ ၄၂၀ အကွာရှိ တယ်လ်အဖာမြို့အနီးတွင် စစ်ရေးအရ လှုပ်ရှားမှု ပြုလုပ်နေစဉ် ည ၁၁ နာရီက တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်ဟု စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မူးယစ်ဆေး သယ်ဆောင်သူ စင်ကာပူနိုင်ငံသား ဗန်ကောက်လေဆိပ်တွင် ဖမ်းမိ

ဗန်ကောက် ဩဂုတ် ၂၂

စင်ကာပူနိုင်ငံသားတစ်ဦးကို မူးယစ်ဆေးဝါး မှောင်ခိုသယ်ဆောင်သည့်အတွက် ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း သတင်းမီဒီယာများက ဖော်ပြသည်။

သယ်ဆောင်

အသက် (၄၇)နှစ်အရွယ်ရှိ စင်ကာပူနိုင်ငံသားတန်စန်ပွေးသည် အက်စတာဆီ မူးယစ်ဆေးပြား ၂၀၀၀၀ ကို သယ်ဆောင်ကာ ခရီးသွားရန်ကြိုးပမ်းနေစဉ် ဗန်ကောက်လေဆိပ်၌ ဩဂုတ် ၁၉ ရက်က ဖမ်းဆီးခံရခြင်းဖြစ်သည်။

၎င်းသည် ဂျာမနီနိုင်ငံ ဖရင့်ဖတ်မြို့မှ ပျံသန်းလာသော ထိုင်းလေယာဉ်ပေါ်မှ အဆင်း ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်လေဆိပ်သို့ထွက်ခွာမည့် လေယာဉ်ဆီသို့ အကူးတွင် အဖမ်းခံရခြင်းဖြစ်သည်။ ဆေးပြားများကို ၎င်းသယ်ဆောင်သော အိတ်တွင်ပါသည့် အံဝှက်များအတွင်း ပလတ်စတစ်အိတ်လေးလုံးဖြင့်ထုပ်ကာ လျှို့ဝှက်သယ်ဆောင်လာခြင်းဖြစ်သည်။

တန်ကို မူးယစ်ဆေးဝါးမှောင်ခိုသယ်ဆောင်မှုဖြင့် အရေးယူထားသည်။ ထိုပြစ်မှုဖြင့် အပြစ်ပေးခံရပါက သေဒဏ်အထိ စီရင်နိုင်သည်။ ယခုအဖြစ်အပျက်က မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းများသည် မှောင်ခိုလမ်းကြောင်းများ ပြောင်းလဲကျင့်သုံးလာသည်ကို ဖော်ပြနေသည်ဟု ရဲတပ်ဖွဲ့သတင်းများကို ကိုးကား၍ ထိုင်းသတင်းစာက ဖော်ပြခဲ့သည်။

မူးယစ်ဆေးမှောင်ခိုများသည် အက်စတာဆီဆေးပြားများကို ဥရောပမှ သယ်ဆောင်လာပြီး ထိုင်းနိုင်ငံတွင်း၌ ပြန်လည်ရောင်းချကြသည်ဟုဆိုသည်။ ၎င်းတို့သည် ဗန်ကောက်မြို့မှဖြတ်ပြီး ကမ္ဘောဒီးယားနိုင်ငံသို့ သယ်ဆောင်သွားကာ ထိုမှတစ်ဖန် ကုန်းကြောင်းလမ်းဖြင့် ထိုင်းနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်ကြသည်ဟုဆိုသည်။ ဤနည်းအားဖြင့် အာဏာပိုင်များကို ရှောင်ရှားကြကြောင်း ရဲတို့ကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဒေသအတွင်း တည်ငြိမ်မှု ပျက်ပြားအောင်လုပ်ဆောင်သည်ဆိုမှု ကျူးဘားနှင့် ဗင်နီဇွဲလား သမ္မတတို့ လက်မခံပယ်ချ

ဟာဗားနား ဩဂုတ် ၂၂

ကျူးဘားနှင့်ဗင်နီဇွဲလားအစိုးရတို့သည် လက်တင်အမေရိကဒေသ တည်ငြိမ်မှု ပျက်ပြားစေရန် လုပ်ဆောင်နေကြောင်းဖြင့် အမေရိကန်အစိုးရ၏ စွပ်စွဲပြောကြားချက်ကို ကျူးဘားခေါင်းဆောင် ဖီဒယ်ကက်စထရိုနှင့် ကျူးဘားသို့ရောက်ရှိနေသော ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်တို့က တနင်္ဂနွေနေ့က ချေပပြောကြားလိုက်သည်။

ကြေညာ

သမ္မတနှစ်ဦးက အမေရိကန်၏ စွပ်စွဲချက်များအားပယ်ချကြကြောင်းကျူးဘားနိုင်ငံအနောက်ပိုင်း ပင်နာဒယ်ရိုင်ရိုပြည်နယ်တွင် ရုပ်မြင်သံကြားအစီအစဉ်မှတစ်ဆင့် ကြေညာခဲ့ခြင်း ဖြစ်သည်။

အမေရိကန်အစိုးရသည် ကမ္ဘာကြီးတစ်ခုလုံး သောကရောက်စေသည့် အကြီးကျယ်ဆုံးသော ခြိမ်းခြောက်မှုကို လုပ်ဆောင်နေကြောင်း ချာဗက်ဇ်က ပြောကြားသည်။

လက်တွဲ

ဗင်နီဇွဲလားနှင့် ကျူးဘားတို့သည် ငြိမ်းချမ်းရေးကိုလိုလားကြောင်း၊ သို့ရာတွင် နယ်ချဲ့ကျူးကျော်မှု ဖြစ်ပွားလာပါက ကျူးဘားနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာအတွက် လက်တွဲ၍ ကာကွယ်တိုက်ခိုက်သွားကြမည်ဖြစ်ကြောင်း ချာဗက်ဇ်က ဆက်လက်ပြောကြားသည်။

ရှုတ်ချ

သမ္မတကက်စထရိုက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်မှတစ်ဆင့် အမေရိကန်၏ စွပ်စွဲချက်များကို ရှုတ်ချပြောကြားသည်။ မိမိတို့အနေဖြင့် ကျောင်းသားတစ်ဦးအလား ဩဇာပေးဆရာလုပ်သည်ကို လက်မခံနိုင်ကြကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းသို့ ပြုလုပ်ခြင်းဖြင့် တည်ငြိမ်မှု ပျက်ပြား စေနိုင်ကြောင်း၊ မိမိတို့အနေဖြင့် လူနာများအားလည်း ဆေးကုသစောင့်ရှောက်မှုပေးရန် မဖိတ်ခေါ်နိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းလုပ်ရပ်ကြောင့် တည်ငြိမ်မှု ပျက်ပြားစေနိုင်ခြင်းကြောင့်ဖြစ်ကြောင်း ကက်စထရိုက ပြောကြားသည်။

ဗင်နီဇွဲလားနှင့်ကျူးဘားတို့က ဘိုလီးဗီးယားနိုင်ငံ တည်ငြိမ်မှုပျက်ပြားစေရန် ကြိုးပမ်းနေသည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်က လွန်ခဲ့သည့်ရက်သတ္တပတ်က စွပ်စွဲခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ရှန်ဟိုင်းမြို့ ရှန်ဟိုင်းအနုပညာပြတိုက်ရှိ ပန်းချီပြခန်းတစ်ခုတွင် စိတ်ဝင်စားစွာ လေ့လာနေသူတစ်ဦးကို ဩဂုတ် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်တွင် မီးသတ်လေယာဉ်ပျက်ကျ လေယာဉ်မှူး နှစ်ဦးစလုံး အသက်ဆုံးရှုံး

ပါရီ ဩဂုတ် ၂၂

ပြင်သစ်နိုင်ငံတောင်ပိုင်း အာဒီချီဒေသတွင် လောင်ကျွမ်းနေသော တောမီးကို ငြိမ်းသတ်စဉ် ထရက်ကားမီးသတ်လေယာဉ်ပျံတစ်စင်း ဩဂုတ် ၂၀ရက်က ပျက်ကျခဲ့ရာ လေယာဉ်မှူးနှစ်ဦးစလုံး အသက်ဆုံးရှုံးခဲ့ကြရကြောင်း အရေးပေါ်ကယ်ဆယ်ရေးဌာနက ပြောကြားသည်။

ပြောကြား

ယခု မီးသတ်လေယာဉ် ပျက်ကျရခြင်းသည် တစ်လအတွင်း တတိယအကြိမ် ပျက်ကျရခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျသွားပြီးနောက် ပေါက်ကွဲသွားသည့်အတွက် ဖြစ်ပေါ်လာသော မီးတောက်များကို ကနေဒါလေယာဉ်နှစ်စင်းက ကူညီမီးငြိမ်းသတ်ပေးခဲ့ကြသည်ဟု အာဒီချီပြည်နယ်မှ တာဝန်ရှိသူ ပက်ထရစ်ဒူပရတ်က ပြောကြားသည်။

ပျက်ကျ

ဇူလိုင် ၁၉ရက်ကလည်း ပြင်သစ်တောင်ပိုင်း ဗားဒေသရှိ တောမီးများကို ငြိမ်းသတ်နေသော ထရက်ကားလေယာဉ်တစ်စင်း ပျက်ကျခဲ့သော်လည်း လေယာဉ်မှူးနှစ်ဦးမှာ ဘေးမသီရန်မခဘဲ လွတ်မြောက်လာခဲ့သည်။ ပြင်သစ်နိုင်ငံမြောက်ပိုင်း ကော်ဆီကာအရပ်တွင် ဩဂုတ် ၁ရက်တွင်လည်း မီးသတ်လေယာဉ်တစ်စင်း ဒုတိယအကြိမ် ပျက်ကျခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

ယီမင်တွင်ရေလွှမ်းမိုး ၁၂ဦး သေဆုံး

ဆာနား ဩဂုတ် ၂၂

ယီမင်နိုင်ငံတွင် ရုတ်တရက် ရေလွှမ်းမိုးမှုကြောင့် လူ ၁၂ဦးသေဆုံးပြီး ခြောက်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လွန်ခဲ့သည့်နှစ်ရက်အတွင်း လူ ၁၂ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ မွေးမြူရေးတိရစ္ဆာန်အကောင် ၅၀ မှာလည်း သေဆုံးသွားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နောက်နှစ်ရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းနေမည်ဖြစ်ကြောင်း ယီမင်မိုးလေဝသဌာနက သတိပေးထားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

စပိန်သို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှု ၂၀၀၅ ခုနှစ် ပထမနှစ်ဝက်ကာလတွင် မြင့်တက်

မဒရစ် ဩဂုတ် ၂၂

စပိန်နိုင်ငံသို့ ၂၀၀၅ ခုနှစ် ပထမနှစ်ဝက်ကာလတွင် လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်ဦးရေမှာ ၃၁ဒသမ၅ သန်းရှိရာ ယမန်နှစ်အလားတူကာလထက် ၆ရာခိုင်နှုန်း မြင့်တက်လာကြောင်း စက်မှု၊ ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက စနေနေ့တွင် ကြေညာသည်။

ဗြိတိန်နိုင်ငံမှ အများဆုံးလာရောက်ပြီး ယခုနှစ် ပထမခုနစ်လတာကာလအတွင်း ၉ဒသမ၁ သန်းရှိသည်။ ဇူလိုင်တစ်လတည်းတွင် စပိန်ပင်လယ်ကမ်းရိုးတန်းဒေသများသို့ လာရောက်သူ ဗြိတိန်နိုင်ငံသား ၁ဒသမ၉ သန်းရှိသည်။ ဂျာမနီနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့မှ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်ဦးရေမှာ ၅ဒသမ၆သန်းနှင့် ၄ဒသမ၉သန်း အသီးသီးရှိသည်။ အမေရိကန်မှ လာရောက်သူဦးရေမှာမူ ယမန်နှစ်ထက် ၄ ရာခိုင်နှုန်းလျော့နည်းပြီး ငါးသိန်းကျော်မျှသာရှိသည်။ စပိန်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုမှာ ယခုနှစ် ဩဂုတ်လတွင်လည်း ဆက်လက် မြင့်တက်နေဦးမည်ဟု တာဝန်ရှိသူများက မျှော်မှန်းထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်စစ်ပွဲ နွံအတွင်း အမေရိကန်နစ်မြုပ်လာ အိမ်ဖြူတော်၏ မူဝါဒကို အထက်လွှတ်တော်အမတ် ဝေဖန်

ဝါရှင်တန် ဩဂုတ် ၂၂

အမေရိကန်ပြည်ထောင်စုဆင်နွှဲနေသော အီရတ်စစ်ပွဲပဋိပက္ခသည် ဗီယက်နမ်စစ်ပွဲနှင့် တူလာလေလေ အီရတ်စစ်ပွဲနွံအတွင်း ကြာလေနစ်မြုပ်လာလေလေဖြစ်ကြောင်း ဩဇာတိက္ကမရှိသည့် အမေရိကန် ရီပတ်ဘလီကန်ပါတီမှ အထက်လွှတ်တော် အမတ်တစ်ဦးက တနင်္ဂနွေနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။

အီရတ်နိုင်ငံဆိုင်ရာ မူဝါဒမအောင်မမြင်ဖြစ်ရသည်ကို အိမ်ဖြူတော်နှင့် မိမိ၏လုပ်ဖော်ကိုင်ဖက်များသိရှိ နားလည်ဟန်မရှိခဲ့ဟု မိမိထင်မြင်မိကြောင်း နိုင်ငံခြားဆက်ဆံရေးကော်မတီအဖွဲ့ဝင်နှင့် နီဘရာစကာပြည်နယ် အထက်လွှတ်တော်အမတ် ချပ်ဟေဂယ်က ပြောကြားသည်။

အီရတ်စစ်ပွဲကြောင့် အရှေ့အလယ်ပိုင်းဒေသကို မတည်မငြိမ် ဖြစ်စေပြီး အိမ်ဖြူတော်အနေဖြင့် အီရတ်ပြဿနာနှင့် ပတ်သက်သည့် မဟာဗျူဟာတွင် ထွက်ပေါက်ရှာရန်လိုအပ်ပြီဟု ဗီယက်နမ်စစ်ပြန်တစ်ဦးဖြစ်ပြီးစစ်ဘက် သူရသတ္တိ ဘွဲ့ရရှိခဲ့သည့် ချပ်ဟေဂယ်က ပြောကြားသည်။

အမေရိကန်ပြည်သူလူထုကမူအီရတ်စစ်ပွဲတွင် အမေရိကန်ပါဝင်ပတ်သက်မှု အပေါ် မကျေမနပ်ဖြစ်နေကြပြီး ယင်းနိုင်ငံမှတပ်ဖွဲ့ဝင်များ ရုပ်သိမ်းနိုင်ရေး ရက်သတ်မှတ်ပေးရန် တောင်းဆိုနေမှု အားသမ္မတဘုရှ်က တန်ပြန်လုပ်ဆောင်ရန် လုံးပန်းနေစဉ် ချပ်ဟေဂယ်က ဝေဖန်ပြောကြားခြင်းဖြစ်သည်။

အိမ်ဖြူတော်က ဟေဂယ်၏ ဝေဖန်မှုကိုပယ်ချလိုက်ပြီး အမေရိကန်သည် အီရတ်တွင် မစ်ရှင်လုပ်ငန်း ပြီးစီးအောင် ဆောင်ရွက်ရန် အရေးကြီးသည်ဟု ပြောကြားခဲ့သည်။

အီရတ်စစ်ပွဲနှင့် ဗီယက်နမ်စစ်ပွဲတို့ တူညီမှုအများ အပြားရှိနေပြီး အမေရိကန်အနေဖြင့် အီရတ်တွင် ကြာကြာနေလေ နာမည်ပျက်စရာ ကြုံလာလေလေ ဖြစ်မည်ဟု ဟေဂယ်က နှိုင်းယှဉ်ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် လုံခြုံရေးဆောင်ရွက်နေကြသော အမေရိကန်သံချပ်ကာယာဉ်များကို ဩဂုတ် ၂၁ ရက် တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပေါ်တူဂီနိုင်ငံ၌ အဆိုးရွားဆုံး မီးခေါင်မှု ဖြစ်ပွား ဂျုံစိုက်ခင်းများပျက်စီးပြီး ခရီးသွားလုပ်ငန်းကိုခြိမ်းခြောက်

လစ္စဘွန်း ဩဂုတ် ၂၂

ပေါ်တူဂီနိုင်ငံတွင် ဖြစ်ပေါ်ခဲ့ဖူးသမျှ မိုးခေါင်မှုများအနက် အဆိုးရွားဆုံးဖြစ်သည့် မိုးခေါင်မှုကြောင့် ဂျုံစိုက်ခင်းများ ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ နိုင်ငံ၏ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း လုပ်ကိုင်ရာဒေသတွင်လည်း စီးပွားရေးအရ ဆုံးရှုံးမှုများ ဖြစ်ပေါ်ရန် ခြိမ်းခြောက်လျက်ရှိကြောင်း ရေအရင်းအမြစ်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

မိုးခေါင်မှုဒဏ်ကို ခံစားရသော ဥရောပနိုင်ငံများအနက်ပေါ်တူဂီနိုင်ငံ၏ မိုးခေါင်မှုမှာ အဆိုးရွားဆုံးဖြစ်ကြောင်း၊ ပေါ်တူဂီနိုင်ငံအတွင်းရှိ မြို့ ၄၃ မြို့တွင် ရေရှားပါးပြတ်လပ်မှုနှင့် တွေ့ကြုံနေရပြီး မိုးခေါင်မှု ဖြစ်ပေါ်ရာဒေသ၏ သောက်သုံးရေအရည်အသွေးမှာလည်း ပိုမိုဆိုးရွားလာနေကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ပေါ်တူဂီနိုင်ငံ၏ ဂျုံစိုက်ပျိုးထွက်ရှိမှုသည် ယခုနှစ်တွင် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၉၅ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ဗဟိုစာရင်းအင်း႒ာနက ပြောကြားသည်။

မိုးခေါင်မှု၏ ဆိုးကျိုးသက်ရောက်မှုအဖြစ် ကောက်ပဲသီးနှံထွက်ရှိမှုမှာ ၆၀ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း စာရင်းအင်း႒ာန၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

မိုးခေါင်မှုဘေးဒဏ်ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ မထိခိုက်စေရေးအတွက် အစိုးရက ထောက်ပံ့ကူညီမှုများ တိုးမြှင့်ပြုလုပ်ပေးရန် လိုအပ်ကြောင်း ပေါ်တူဂီလယ်သမားများ အဖွဲ့ချုပ်က ပြောကြားသည်။

မိုးခေါင်မှုကြောင့် ရေရှားပါး ပြတ်လပ်မှုပြဿနာ ကြီးထွားလာရာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများသာမက နိုင်ငံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှာလည်း ထိခိုက်နိုင်ကြောင်း အဆိုပါအဖွဲ့ချုပ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျပန်တွင် ငလျင်လှုပ် အပျက်အစီးမရှိ

တိုကျို ဩဂုတ် ၂၂

ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ပြင်းအားအဆင့်ငါးရှိ ငလျင်တစ်ခု ယမန်နေ့နံနက် ၁၁ နာရီ ၂၉ မိနစ်က လှုပ်သွားကြောင်း မိုးလေဝသသတင်းများက ဖော်ပြသည်။

ထိုငလျင်ကြောင့် ထိခိုက်သေဆုံးမှုနှင့် အပျက်အစီးသတင်း တစ်စုံတစ်ရာကြားသိရခြင်း မရှိသေး ဟုဆိုသည်။ ထို့အပြင် ငလျင်ကြောင့် ဖြစ်ပေါ်လာတတ်သော ဆူနာမီရေလှိုင်းကြီးများ ဖြစ်ပေါ်သည့် သတင်းများ မသိရဟုဆိုသည်။

ငလျင်လှုပ်စဉ်အတွင်း မိနစ်အတန်ကြာ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရသည့်အတွက် ကျည်ဆန်ရထားသည် ခေတ္တမျှရပ်ဆိုင်းသွားခဲ့ရပြီး နောက်ပိုင်းတွင် ဆက်လက် ပြေးဆွဲခဲ့သည်ဟု အင်အိပ်ချ်ကေသတင်း႒ာနက ဖော်ပြသည်။ ငလျင်လှုပ်ရာ နီဂါတာပြည်နယ်ရှိ ကာရှီဝါဇာကီ အနုမြူဓာတ်အားပေးစက်ရုံ၌လည်း ထိခိုက်မှု တစ်စုံတစ်ရာမရှိကြောင်း ထိုသတင်း႒ာန သတင်းများတွင် ဆက်လက်ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ကန်တပ်ဖွဲ့ယာဉ်တန်းအနီး လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွား အာဖဂန်နစ္စတန်ဆိုင်ရာ အမေရိကန်သံရုံးဝန်ထမ်းနှစ်ဦး ဒဏ်ရာရ

ကဘူး ဩဂုတ် ၂၂

အာဖဂန်နစ္စတန်နိုင်ငံ၏ မြို့တော်ကဘူးအနီးရှိဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တန်းအနီး လမ်းဘေးဗုံးပေါက်ကွဲမှု တနင်္လာနေ့က ဖြစ်ပွားခဲ့ရာ အမေရိကန်သံရုံးမှတာဝန်ရှိပုဂ္ဂိုလ်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းဒေသရှိကဘူးပြည်နယ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား၍ အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးပြီးခဲ့သည့်နောက် နာရီပိုင်းအကြာတွင် ကဘူးမြို့တော်အနီး ယင်းသို့ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်း ဖြစ်သည်။ ပုံမှန်သံရုံးလုပ်ငန်းတာဝန် ထမ်းဆောင်နေစဉ် အမေရိကန်သံရုံးမှ အမေရိကန်နိုင်ငံသားဝန်ထမ်းနှစ်ဦး အနည်းငယ်ထိခိုက်ဒဏ်ရာရရှိသည်ကို မိမိအတည်ပြုပြောကြားနိုင်ကြောင်း အမေရိကန်သံရုံး၏ ပြောရေးဆိုခွင့်ရှိသူ မိုက်ကယ်မာစီကရိုက်တာသတင်း႒ာနအား ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ကွမ်တပ်စ် လေကြောင်းလိုင်းပိုင်လေယာဉ်တစ်စင်း ဂျပန်နိုင်ငံ ကန်စိုင်းလေယာဉ်ကွင်းတွင် အရေးပေါ်ဆင်းသက်ခဲ့ရပြီးနောက် ခရီးသည်များအား နားနေဆောင်၌ ဩဂုတ် ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာသတင်းများ

တရုတ်နိုင်ငံတွင် ဘွဲ့ရကျောင်းဆင်းများ ကျေးလက်တွင် အလုပ်လုပ်နိုင်ရေး အားပေး

ပေကျင်း ဩဂုတ် ၂၂

တက္ကသိုလ်ဘွဲ့ရ ကျောင်းဆင်းများကို ကျေးလက်ဒေသများ၌ သွားရောက်တာဝန် ထမ်းဆောင်နိုင်ရေးအတွက် အားပေးသည့်မူဝါဒကို ဆောင်ရွက်ရန် တရုတ်နိုင်ငံတစ်ဝန်းရှိ ပြည်နယ်အစိုးရများက လုပ်ဆောင်လျက်ရှိသည်။

ဗဟိုအစိုးရက ကောလိပ်ကျောင်းဆင်းများ အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ရန် ညွှန်ကြားမှုများ ထွက်ပေါ်လာပြီးနောက် ပြည်နယ်အစိုးရများသည် ယခုကဲ့သို့ အားပေးမှုများ ပြုလုပ်လာကြခြင်းဖြစ်သည်။

စီချွမ် တက္ကသိုလ်ကျောင်းဆင်း ၅၀၀၇ ဦးတို့သည် တရုတ်နိုင်ငံအနောက်ပိုင်းဒေသများတွင် သွားရောက်အလုပ်လုပ်ရန် လျှောက်ထားခဲ့ကြသည်။ ပြည်နယ်အစိုးရများသည် ၎င်းတို့ဒေသအတွင်းမှ တက္ကသိုလ်ဘွဲ့ရများကို သက်ဆိုင်ရာ ပြည်နယ်များအတွင်း အလုပ်အကိုင်များပေးနိုင်ရန် ဦးစားပေး မူဝါဒပေါင်း ၁၀၀ ကျော်တို့ကို ရေးဆွဲကျင့်သုံးလျက်ရှိသည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ဖူးကျင့်ပြည်နယ်ရှိ ဆင်းရဲနွမ်းပါးသော မြို့နယ် ၂၁၄ ခုတွင် ငါးနှစ်ဆက်တိုက်သွားရောက် တာဝန်ထမ်းဆောင်သူ ဘွဲ့ရများကို အပိုဆုကြေးအဖြစ် နှစ်စဉ် ယွမ်ငွေ ၅၀၀၀ မှ ၇၀၀၀ အထိ ချီးမြှင့်သွားရန် ပြည်နယ်အစိုးရက ဆုံးဖြတ်ထားကြောင်း သိရသည်။

ကျန်စုပြည်နယ်၊ ကျန်စီပြည်နယ်နှင့် စီချွမ်ပြည်နယ်များ၊ စင်ဂျန်အူဂူအာရ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်များတွင် သွားလာရွှေ့ပြောင်းမှုများ လွယ်ကူစေရန် တင်းကျပ်ထားသော စည်းကမ်းများကို လျှော့ပေါ့ပေးလိုက်ပြီဖြစ်သည်။ ထိုသို့ ပြုလုပ်လိုက်ခြင်းမှာ ဘွဲ့ရကျောင်းဆင်းများ တစ်နေရာမှတစ်နေရာသို့ သွားလာ၍ အလုပ်အကိုင်လုပ်ကိုင်ရာ၌ လွယ်ကူစေရန် ဆောင်ရွက်ပေးခြင်းဖြစ်သည်ဟုဆိုသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အဏုမြူလက်နက်ပြုလုပ်ရန် အီရန်စိတ်ဝင်စားမှုမရှိ နျူအစီအစဉ်ကိုမူ ဆောင်ရွက်ခွင့်ရှိကြောင်း ခါမေနီပြောကြား

တီဟီရန် ဩဂုတ် ၂၂

မိမိတို့နိုင်ငံသည် နျူကလီးယားလက်နက်ပြုလုပ်ရန် စိတ်ဝင်စားမှုမရှိကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံသည် နျူကလီးယားအစီအစဉ်ကို မည်သည့်အခါတွင်မျှ ရပ်တန့်မည်မဟုတ်ကြောင်း အီရန်ခေါင်းဆောင် အလီခါမေနီက စနေနေ့တွင် ပြောကြားသည်။

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များကို တိတ်တဆိတ် ထုတ်လုပ်လျက်ရှိသည်ဆိုသော အနောက်နိုင်ငံများမှ အစိုးရတာဝန်ရှိသူများ၏ စွပ်စွဲချက်များကြောင့် ယင်းနိုင်ငံများမှ ပြည်သူများ အထင်မှားမှုများ ဖြစ်ပေါ်ရကြောင်း ခါမေနီက ပြောကြားသည်။

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များ ပိုင်ဆိုင်လာအောင် ကြိုးပမ်းနေသည်ဟု အနောက်နိုင်ငံများက စွပ်စွဲလျက်ရှိကြခြင်းမှာ လီဆယ်ပြောဆိုမှုသာဖြစ်ပြီး ယင်းသို့ ပြောဆိုချက်ကြောင့် အနောက်နိုင်ငံများမှ ပြည်သူများမှာ မိမိတို့နိုင်ငံအပေါ် နားလည်မှု လွဲမှားစေကြောင်း ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်ကို ပိုင်ဆိုင်လိုသော နိုင်ငံမဟုတ်ကြောင်း အီရန်ခေါင်းဆောင်က ဆက်လက်ပြောကြားသည်။

အနောက်နိုင်ငံများသည် အီရန်နိုင်ငံနှင့် ပတ်သက်၍ ဝါဒဖြန့်သော လိမ်လည်မှုများကို ပြုလုပ်နေကြပြီး မိမိတို့နိုင်ငံကို တစ်ကမ္ဘာလုံးက ဆန့်ကျင်လာစေရန် နားလည်မှုလွဲမှားစေကြောင်း ခါမေနီက ပြောကြားသည်။ မိမိတို့နိုင်ငံ၏ နျူကလီးယား အစီအစဉ်သည် စွမ်းအင်ရရှိရေးအတွက်သာလျှင် ဦးတည်ပြီး နိုင်ငံဖွံ့ဖြိုးရေးအတွက် ယင်းအစီအစဉ်ကို ချမှတ်ဆောင်ရွက်နိုင်သည့် ရပိုင်ခွင့်ကို မည်သည့်အခါတွင်မျှ မိမိတို့ စွန့်လွှတ်မည်မဟုတ်ကြောင်း ခါမေနီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး မကွေးတိုင်း ဂန့်ဂေါခရိုင် ဆော–ကျောက်ထု–ထီးလင်း–ရေမျက်နီလမ်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (ဆောက်လုပ်ရေး)

❍ **ကျောဖုံးမှ**

ရှေးဦးစွာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က မင်္ဂလာအချိန်၌ မှခ်ဦး အမှတ်(၁)ကို ဖဲကြိုးဖြတ်၍ ဆော–ကျောက်ထု (ပန်းစံ) အပိုင်းကို ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မင်္ဂလာမှခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ဒေသခံပြည်သူများအား ရင်းနှီးစွာနှုတ်ဆက်သည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ကျောက်ထု– ဆောလမ်း မိုင်တိုင်(၆/၀) တွင်ရှိ ကံကြီးရွာ မှခ်ဦး အမှတ်(၂)သို့ ရောက်ရှိသည်။ မှခ်ဦးဝဲယာမှ ဒေသခံပြည်သူများက အိုးစည် ဒိုးပတ်အကအခုန်များဖြင့် ကြိုဆိုကြရာ တိုင်းမှူး၊ ဝန်ကြီးနှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က မင်္ဂလာအချိန်၌ ကံကြီးရွာ မှခ်ဦးအမှတ်(၂)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဧည့်ပရိသတ်များနှင့် အတူ မှခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီးပခုက္ကူ–ပေါက်–ထီးလင်း–ဂန့်ဂေါလမ်းမိုင်တိုင်(၇၈/၂) ကျောက်ထုမြို့အနီး ဂုံဘိုတံတားထိပ်မှခ်ဦး အမှတ်(၃)သို့ ရောက်ရှိရာ မှခ်ဦးလမ်းဘေးဝဲ/ယာမှ ဒေသခံပြည်သူများက အိုးစည်ဒိုးပတ် အကအခုန်များဖြင့် ကြိုဆိုကြသည်။ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တို့က မင်္ဂလာအချိန်၌ မှခ်ဦးအမှတ်(၃) ကို ဖဲကြိုးဖြတ်၍ ကျောက်ထု–ထီးလင်း လမ်းအပိုင်းကို ဖွင့်လှစ်ပေးကြပြီး ဒေသခံပြည်သူများအား ရင်းနှီးစွာနှုတ်ဆက်သည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ဆက်လက်ထွက်ခွာခဲ့ရာ ပန်းစံ–ထီးလင်းလမ်း မိုင်တိုင် (၁၇/၀) အောင်းရွာရှိ မှခ်ဦးအမှတ်(၄) ကို မော်တော်ယာဉ်များဖြင့်ဖြတ်သန်းရာ အိုးစည်ဒိုးပတ် အကအခုန်များဖြင့် ကြိုဆိုနှုတ်ဆက်ကြသည့် ဒေသခံပြည်သူများကို ပြန်လည်နှုတ်ဆက်၍ ထီးလင်းမြို့ လမ်းဖွင့်ပွဲအခမ်းအနားကျင်းပမည့် မင်္ဂလာမဏ္ဍပ်သို့ ရောက်ရှိကြသည်။တိုင်းမှူးနှင့် အဖွဲ့အား မင်္ဂလာစည်တော် အက၊ အိုးစည် ဒိုးပတ်အကအခုန်များဖြင့် ကြိုဆို၍ ဒေသခံပြည်သူ ၁၅၀၀ ကျော်တို့က အခမ်းအနားသို့ တက်ရောက်ကြသည်။

သီးသန့်တစ်လမ်းသွား

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာတွင် ယခင်က ဤနယ်မြေတွင် ယခုကဲ့သို့ လမ်းတွေပီပီပြင်ပြင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း၊ ဂန့်ဂေါ၊ ထီးလင်းနှင့် ကျောက်ထုဆိုလျှင် တောင်နှင့် မြောက်ဖြစ်သော်လည်း သီးသန့်လမ်း တစ်ဆက်တည်းမရှိခဲ့ကြောင်း၊ ပေါက်–ထီးလင်း–ဂန့်ဂေါလမ်းရှိပြီး ကျောက်ထုက သီးသန့်တစ်လမ်းသွားရကြောင်း၊ မိုးတွင်းကာလတစ်လျှောက်လုံး ချင်းပြည်နယ်ဘက် တောင်တန်းများပေါ်တွင် မိုးညိုလာလျှင် ဂန့်ဂေါခရိုင်ထဲမှာရှိကြသည့် ချောင်းများတွင် ရေကြီးပြီး ရေစီးသန်ကြသည့်အတွက် တစ်နေရာနှင့် တစ်နေရာအသွားအလာမလုပ်နိုင်ဘဲ အဆက်အသွယ်ပြတ်တောက်ခဲ့ရကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရအတွင်းပိုင်းဘက်မှာရှိ ကျေးရွာများအချင်းချင်းသွားလာနိုင်အောင် ပထမဆုံး အတားအဆီးဖြစ်သည့် တောင်ကျချောင်းများကို ဖြတ်ကျော်သွားနိုင်အောင် စီစဉ်တည်ဆောက်ခဲ့ရကြောင်း၊ ကျောက်ထုနယ်မြေထဲတွင် ချည်ချောင်း၊ ဂုံဘိုချောင်း၊ ကြီးချောင်း စသည့် တံတားကြီးများ၊ ဆောမြို့နယ်ထဲတွင် ကျောက်စစ်ချောင်း၊ ပိန်ချောင်း၊ ခွေးနီချောင်း၊ ခူးချောင်း၊ စံလှချောင်း၊ အညာကတင်းချောင်းစသည့် ချောင်းများပေါ်တွင် တံတားကြီးများအပြင် တခြားတံတားငယ်များကိုလည်း တည်ဆောက်ပေးခဲ့ကြောင်း၊ ဂန့်ဂေါခရိုင်နှင့် ဆက်စပ်လျက်ရှိသော ခရိုင်များ၊ ပြည်နယ်နှင့် တိုင်းများသို့ ဆက်သွယ်သွားလာနိုင်ရန် ဒုတိယပိုင်းအနေဖြင့် ပေ၁၈၀နှင့် အထက်တံတားကြီးများဖြစ်သည့် လောင်ဂက်တံတား၊ စိုင်းနူးတံတား၊ တော်ဝင်တံတားနှင့် နသိုးချောင်းတံတားများအပြင် အခြားဘေဘီသစ်သားတွဲ ဆောက်လုပ်ခဲ့သည့် တံတားများဖြစ်သည့် နမ်းခါးချောင်းတံတား၊ ပနဲချောင်းတံတားများကိုလည်း ဆောက်လုပ်ပေးပြီးဖြစ်ကြောင်း၊ လမ်းအပိုင်းတွင် ကျောက်ထုနှင့် ထီးလင်းကြား ကြီးချောင်းခြားသကဲ့သို့ ဖြစ်နေသည့်အပြင်တောင်ကုန်းနှင့်သစ်တောကြောင့် လမ်းပြတ်တောက်နေသည့်နေရာများကို လမ်းအူကြောင်း ရှာဖွေစေပြီး လမ်းဖောက်ပေးလိုက်သောအခါမှ ဆော–ကျောက်ထု–ထီးလင်း–ဂန့်ဂေါတို့သည် လမ်းသစ်တစ်ခု ရာသီမရွေးဖြစ်ပေါ်ပြီး မြို့အချို့ကိုဆက်ပေးလိုက်ခြင်းဖြစ်ကြောင်း။

ယခုနောက်ပိုင်းပြင်ပမြို့ကြီးများနှင့် ဆက်သွယ်ပြီး စီးပွားရေး၊ကျန်းမာရေး၊ပညာရေးတွေတိုးတက်စေရန် ပေါက်တံတားအမှတ်(၁)အုန်းတောနှင့် အမှတ်(၂)ရေပြာတံတားတို့ကိုတည်ဆောက်ပေးလိုက်သည့်အတွက် ယနေ့ဖွင့်လှစ်ပေးလိုက်သည့်လမ်းကနေဆက်စပ်ပြီး ပခုက္ကူမှ မန္တလေးတိုင်းဘက်သို့ ရာသီမရွေး သွားလာနိုင်အောင်ပခုက္ကူ–ပေါက်–ကျောက်ထု–မင်းတပ်လမ်းကို ကတ္တရာလမ်းအဖြစ်အဆင့်မြှင့် ဆောင်ရွက်ပေးပြီး ၂၀၀၃ခုနှစ်၊နိုဝင်ဘာ၂၇ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ဆောက်လုပ်ပြီးဖြစ်သည့် ပေါက်–ပခုက္ကူ–မကွေးတို့နှင့်ဆက်သွယ်သွားလာနိုင်ပြီဖြစ်၍ မိုးတွင်းတွင်မည်သို့မျှ သွား၍လာ၍မရဘဲ လမ်းကြောင်းပိတ်နေခဲ့သည့် ဒေသတစ်ခုလုံးကို လမ်းရောတံတားပါနိုင်ငံတော်က တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်၍ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်နှင့် မြောက်ပိုင်းဟားခါးမြို့တို့ကလည်းကောင်း၊ ဂန့်ဂေါ–ထီးလင်း၊ကျောက်ထု–ပေါက်၊ ပခုက္ကူဘက်သို့လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းအသီးသီးတို့သို့ သွားလာနိုင်ပြီဖြစ်ကြောင်းအသိပေးအပ်ပါကြောင်း၊ ထို့အပြင် ဂန့်ဂေါကနေ ပုလဲမုံရွာဘက်ကလည်း ပခုက္ကူ–မုံရွာ–မန္တလေး–ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးဘက်ကို အလားတူသွားလာနိုင်ပြီဖြစ်ကြောင်း။

ဒေသထွက်ကုန်များကို ဈေးကွက်ကောင်းရာဒေသအားလုံးသို့ တင်ပို့ရောင်းချနိုင်မှာဖြစ်သကဲ့သို့ ချင်းပြည်နယ် တောင်ပိုင်းရော မြောက်ပိုင်းနှင့်ပါ ရာသီမရွေးသွားလာနိုင်ပြီဖြစ်သည့်အတွက် မကြာသောကာလအတွင်း အလျင်အမြန် ဖွံ့ဖြိုးတိုးတက် လာတော့မှာဖြစ်၍ တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုပို၍ပို၍ တိုးတက်လာမှာဖြစ်ကြောင်း၊ ယခုလမ်းကိုကျောက်လမ်းအဆင့်၊ထိုမှ ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပေးသွားရန်ရှိပါကြောင်း၊ မကွေးတိုင်းထဲတွင် ၁၉၈၈ခုနှစ်အထိလမ်းမိုင် ၁၃၀၈မိုင်ရှိခဲ့ရာမှ ယခုအချိန်တွင် လမ်းမိုင်၁၇၄၂ဒသမ ၅မိုင်ရှိလာပြီးဖြစ်၍၁၇နှစ်တာကာလအတွင်း လမ်းသစ် ၄၃၅ မိုင်နှင့် ပေ ၁၈၀ နှင့်အထက်တံတားကြီး ၁၄စင်းကို တည်ဆောက်ဖွင့်လှစ်ပေးပြီးဖြစ်ပါကြောင်း၊ လာမည့်နှစ်သည် လမ်းနှစ်ကိုကူးပြောင်းတော့မှာဖြစ်၍ ယခုလမ်းများကိုအဆင့်မြှင့်ပေးသွားမှာဖြစ်ကြောင်း။

နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားတည်ဆောက်ပေးခဲ့သည့်လမ်း/တံတားများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းပေးကြပါ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး၊ လူမှုရေးအဆင့်အတန်းတိုးမြှင့်လာစေရေးအတွက် ယခုလမ်း/တံတား အခြေခံအဆောက်အအုံများကို ထိရောက်စွာအသုံးပြုရန်နှင့် ဒေသခံပြည်သူများကလည်း ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

အလေးထားစီမံ

ထို့နောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ ဒေသတစ်ခု၏ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံ ထိုဒေသ၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုအပေါ်၌ မူတည်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကပြည်ထောင်စုကြီးတစ်ရပ်လုံး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးလုပ်ငန်းများကို အလေးထားပြီး စီမံဆောင်ရွက်လျက်ရှိကြောင်း။

လမ်းအဆင့်တိုးမြှင့်

ယနေ့ဖွင့်လှစ်သည့် ဆော–ကျောက်ထု–ထီးလင်း–ရေမျက်နီ လမ်းအပိုင်းသည် ယခင်က မြေလမ်းအမျိုးအစား အများအပြားရှိနေသည့်အတွက် မြေလမ်းမှ အမာခံလမ်းသို့လည်းကောင်း၊ အမာခံလမ်းမှ ကျောက်ချောလမ်းသို့လည်းကောင်း၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်းသို့ လည်းကောင်း၊ နိုင်ငံတော်မှ ပံ့ပိုးငွေဖြင့် အပိုင်းအလိုက် လမ်းအဆင့်တိုးမြှင့်တည်ဆောက် ဖောက်လုပ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

နေ့ချင်းပေါက်

ဆော–ကျောက်ထု–ထီးလင်း–ရေမျက်နီလမ်းကို အသုံးပြုပြီး မကွေးတိုင်းနှင့် ဆက်စပ်လျက်ရှိသော ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းများသို့လည်း ဒေသနေပြည်သူများ အခက်အခဲမရှိ သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ အထူးသဖြင့် ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့နှင့် မြောက်ပိုင်း ဟားခါးမြို့ကို ဆက်သွယ်သွားလာရာတွင် ယခင်က မင်းတပ်မှ ပခုက္ကူ၊ ပခုက္ကူမှ မုံရွာ–ပုလဲ–ဂန့်ဂေါ–ဟားခါးလမ်းကိုသုံးပြီးမှ သွားရသဖြင့် နှစ်ညအိပ် သုံးရက်သွားရပြီး ယခုအခါ ဤလမ်းကို အသုံးပြု၍ မင်းတပ်မှဟားခါးသို့ နေ့ချင်းပေါက် သွားလာနိုင်ကြပြီဖြစ်သည့်အတွက် ချင်းပြည်နယ်အတွက်အဓိကကျသော လမ်းတစ်လမ်းဖြစ်သည်ကို တွေ့ရကြောင်း၊ အလားတူ ဂန့်ဂေါခရိုင်တောင်ဘက်ရှိ မြို့များမှ စစ်ကိုင်းတိုင်း ကလေးမြို့သို့လည်း နေ့ချင်းပေါက် သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

ဆော–ကျောက်ထု–ထီးလင်း–ရေမျက်နီလမ်း ဖွင့်လှစ်နိုင်ရေးအတွက် ပံ့ပိုးမှုပြုခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ လုပ်ငန်းကို အနီးကပ်ကြီးကြပ်ပေးခဲ့သည့် မကွေးတိုင်း အင်ဂျင်နီယာမှူးကြီးနှင့် ဂန့်ဂေါခရိုင် အင်ဂျင်နီယာမှူး၊ လမ်းအဆင့်တိုးမြှင့်တည်ဆောက်ဖောက်လုပ်ရာတွင် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် အင်ဂျင်နီယာများနှင့် အခြားအဆင့်ဝန်ထမ်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံ ပြည်သူတစ်ဦးဖြစ်သော ဦးမျိုးတင့်က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် တိုင်းဥက္ကဋ္ဌတို့က မှခ်ဦး အမှတ်(၅)ကို မင်္ဂလာအချိန်၌ ဖဲကြိုးဖြတ်၍ ထီးလင်း–ရေမျက်နီ လမ်းအပိုင်းကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထီးလင်းမြို့မှ ဆက်လက်ထွက်ခွာခဲ့ရာ မှခ်ဦး အမှတ်(၆) ဆေးမင်းတောရွာ ပခုက္ကူ–ပေါက်–ထီးလင်း–ဂန့်ဂေါလမ်း မိုင်တိုင် (၁၁၄/၀)သို့ ရောက်ရှိကြသည်။

မင်္ဂလာအချိန်၌ တိုင်းမှူး၊ ဝန်ကြီးနှင့်တိုင်းဥက္ကဋ္ဌတို့ကဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည်မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မှခ်ဦးအမှတ်(၇) ရေမျက်နီသို့ရောက်ရှိပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လမ်းဖွင့်ပွဲအခမ်းအနားများကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ယခုဖွင့်လှစ်လိုက်သော ဆော–ကျောက်ထု–ထီးလင်း–ရေမျက်နီ လမ်းအပိုင်းမှာ စုစုပေါင်း လမ်းမိုင်အရှည် ၇၇မိုင် ခုနစ်ဖာလုံရှည်ပြီး မြေလမ်းခုနစ်မိုင် နှစ်ဖာလုံ၊ အမာခံလမ်း မိုင်၄၀ နှစ်ဖာလုံ၊ ကျောက်ချောလမ်း ၁၅မိုင် တစ်ဖာလုံနှင့် ကတ္တရာလမ်း ၁၅ မိုင် နှစ်ဖာလုံရှိသည်။

ဖွင့်လှစ်ပေးခဲ့သော ဆော–ကျောက်ထု–ထီးလင်း–ရေမျက်နီလမ်းကို အသုံးပြု၍ ပခုက္ကူ–ပေါက်–ကျောက်ထုလမ်း ပခုက္ကူမှ တိုင်းအသီးသီးသို့ လည်းကောင်း၊ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့နှင့် မြောက်ပိုင်း ဟားခါးမြို့တို့မှ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းတို့သို့ ဆက်သွယ်သွားလာရာ၌ လည်းကောင်း၊ ဂန့်ဂေါမှ ပုလဲ–မုံရွာဘက်သို့လည်းကောင်း ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။ (သတင်းစဉ်)

ကျောင်းကျန်းမာရေး ရက်သတ္တပတ်အထိမ်းအမှတ်အဖြစ် ဩဂုတ် ၁၅ရက်က အမက(၁)သာကေတ၌ အာဟာရ ထာဝရအလှူရှင် ဒေါက်တာဦးတင်စိုးလင်း(ရွှေပုစွန်မိသားစု)က ကျောင်းသားများအား အာဟာရ တိုက်ကျွေးစဉ်။ (က–ပ)

စာပေဗိမာန်စာအုပ်အသင်း အသင်းပေးစာအုပ်များဖြန့်ချီ

ရန်ကုန် ဩဂုတ် ၂၃

စာပေဗိမာန်စာအုပ်အသင်းက စနစ်သစ်ဖြင့် ဖြန့်ချီသည့် အုပ်၂၀မြောက် စာအုပ်အဖြစ် ၂၀၀၂ခုနှစ် စာပေဗိမာန်စာမူဆု လူငယ်စာပေပထမဆုရ မအူပင်လွင့်ကျော် ရေးသားသည့် အမေ့သားဂျာအေးနှင့်အခြားလူငယ်ဝတ္ထုတိုများစာအုပ်ကို ရန်ကုန်နှင့် နယ်အသင်းဝင်များသို့ ဖြန့်ချီမည်ဖြစ်သည်။ ရန်ကုန်အသင်းသားများသည် အမှတ်–၅၂၉/၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး နယ်အသင်းဝင်များသို့ ပေးပို့လိုက်ပြီဖြစ်သည်။

စာပေဗိမာန်စာအုပ်အသင်းသို့ ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် လည်းကောင်း၊ အသင်းအဖွဲ့များ၊ စာကြည့်တိုက်များအနေဖြင့် လည်းကောင်း အသင်းဝင်လိုပါက ကြိုတင်ငွေကျပ် ၁၅၀၀ပေးသွင်းပြီး ယင်းကြိုတင်ငွေမှ အသင်းသားများသို့ ဖြန့်ချီသည့် စာအုပ်တန်ဖိုး(လျှော့နှုန်း)အလိုက် ခုနှိမ်မည်ဖြစ်သည်။ အသင်းက ပေးသောစာအုပ်များကို နယ်အသင်းဝင်များထံသို့ စာတိုက်၊ ရေကြောင်း၊ လေကြောင်း၊ မီးရထားတို့ဖြင့် ပေးပို့မည်ဖြစ်သည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုလျှင် အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ်–၅၂၉/၅၃၁ သို့လိပ်မူ၍ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ နေ့ကလေးထိန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ ရက်က ရပ်ကွက်မွှေရုံတွင်ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်နှင့် ရပ်ကွက်အသင်းခွဲဥက္ကဋ္ဌ ဒေါ်မင်းမင်းစိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၃၂)

ယနေ့လူငယ်လူရွယ်များ၏ အမျိုးသားရေးကိုယ်ခံစွမ်းအား ကောင်းသည်ထက်ကောင်းအောင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ နှစ်စဉ်ကျင်းပပေးပြီး အားဖြည့်တည်ဆောက်ပေးနေ

တေရာသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူး ချုပ် အောင်သိန်းလင်းက မြို့တော် စည်ပင်သာယာရေး ကော်မတီမှ ဒုတိယအကြိမ် လှူဒါန်းငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းစဉ်။ (၁၉)

ရန်ကုန် ဩဂုတ် ၂၃

တေရာသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမပထမထပ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစည်းအဝေးခန်းမ(၄)၌ကျင်းပရာ တေရာသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားပြီး အလှူငွေများလက်ခံရယူသည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးလှအေး၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက် အတွင်းရေးမှူး ဦးတင်စိုး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနမှူးများ၊ ဝန်ထမ်းများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းသောငွေကျပ် သိန်း ၃၀ကို ပေးအပ်လှူဒါန်းရာ ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က ငွေကျပ် သုံးသိန်းစီ၊ စွမ်းအင်ဝန်ကြီးဌာနက ငွေကျပ်တစ်သိန်း၊ လိုင်စင်ရပုဂ္ဂလိက ငွေချေးလုပ်ငန်းရှင်များကငွေကျပ် ရှစ်သိန်း၊ Naing Group ဆောက်လုပ်ရေးနှင့် ချယ်ရီဦးနာရီဆိုင်နှင့် ဦးရန်ကျိန်းမြင့်တို့က ငွေကျပ် ငါးသိန်းစီ၊ ဦးမြင့်နိုင်(ငပလီဆောက်လုပ်ရေး)၊ ဦးမိုက်ကယ်ညွှန့်-ဒေါ်နန်းထွေးခမ်းညွှန့် (တာမွေပလာဇာ)နှင့် ဦးအိုက်လင်း(နန်းထိုက်တော်ဝင်မိသားစု)တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးအေးထွန်း(မန်နေဂျာ Promised Land ကုမ္ပဏီ)၊ ဦးခိုင် (တက်စ်ဟမ်းဆောက်လုပ်ရေး)၊ ဦးရဲစိန်(သန်လျင်တန်ပိုဂိတ်)နှင့် ဦးဇော်ဝင်း (မန်နေဂျင်းဒါရိုက်တာ ထူးသစ်ကုမ္ပဏီလီမိတက်)တို့က ငွေကျပ် နှစ်သိန်းစီ၊ City FM ကြော်ငြာလုပ်ငန်းရှင်များ၊ ဦးတေဇ(ထူးဆောက်လုပ်ရေး)၊ ဦးအောင်နိုင် မိသားစု၊ ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်စခန်းလုပ်ငန်းရှင်များ၊ ဦးတင်အောင် (စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်စခန်း)၊ High Tech Co; Ltd၊ ဦးမြတ်သူ(ငပလီဆောက်လုပ်ရေး)နှင့် ဦးတင်အောင် ဒေါ်လှလှနွယ်(ဝင်းရတနာ ယာဉ်လိုင်း)တို့က ငွေကျပ် တစ်သိန်းစီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၏စည်းရုံးမှုဖြင့် စားသောက်ဆိုင် လုပ်ငန်းရှင်များ စုပေါင်းလှူဒါန်းငွေ ကျပ် ၁၂၉၀၀၀ အပါအဝင် စေတနာရှင် အလှူရှင်များက ငွေကျပ် ၈၂၀၉၀၀၀ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ကလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည် ပေးအပ်ကြသည်။

ရည်ရွယ်ချက်(၇)ရပ်

ယင်းနောက် တေရာသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် တေရာသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို မွန်မြတ်သည့် ရည်ရွယ်ချက်(၇)ရပ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ ပေါက်ဖွားနေထိုင်လာခဲ့ကြသော မြန်မာလူမျိုးတို့သည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး လူဦးရေများပြားသည့် နိုင်ငံကြီးများနှင့် နယ်နိမိတ်ချင်း ထိစပ်တည်ရှိနေသော်လည်း နှစ်ပေါင်းထောင်ချီ ရှည်လျားသော သမိုင်းစဉ်တစ်လျှောက် ကိုယ့်မင်းကိုယ့်ချင်းဖြင့် ကိုယ်ပိုင်နိုင်ငံ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေတို့ကို ထူထောင်ခဲ့ကြပြီး ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများနှင့် ခမ်းနားထည်ဝါစွာ ရပ်တည်နေထိုင်ခဲ့ကြကြောင်း။

ရှည်လျားသည့် သမိုင်းစဉ်တစ်လျှောက် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ပင်ကိုစရိုက်လက္ခဏာ မပျက်ယွင်းစေဘဲ ယနေ့ကာလတိုင်ထိန်းသိမ်းပြီး လက်ဆင့်ကမ်း သယ်ဆောင်လာနိုင်ခြင်းသည်လည်း မိမိနိုင်ငံ မိမိလူမျိုး၏ သမိုင်းအစဉ်အလာကြီးမားမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားထည်ဝါမှုတို့ကို ပေါ်ပေါ်လွင်လွင် ဖော်ညွှန်းပြသနေသော အမျိုးသားရေး စွမ်းရည်များပင် ဖြစ်ကြောင်း။

ယင်းကဲ့သို့ ဂုဏ်ယူဝင့်ကြွားဖွယ် မြန်မာ့ဂုဏ်ရည်များနှင့် အမျိုးသားရေး စွမ်းရည်များ အစဉ်ထာဝရ ရှင်သန်နေရန် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရေးနှင့် မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေပေးနိုင်ရေးသည် သမိုင်းရေးအရနှင့် အမျိုးစောင့်တရားအရပါမလွဲမသွေ ထမ်းဆောင်ရမည့်တာဝန်ဖြစ်ကြောင်း။

အဓိကအခန်းကဏ္ဍ

ထို့ကြောင့် ဤတာဝန်ကို နိုင်ငံတော်ကဦးဆောင်ပြီး တစ်မျိုးသားလုံး ပါဝင်ကြိုးပမ်းဆောင်ရွက်နေကြသော အမျိုးသားရေး လှုပ်ရှားမှုကဏ္ဍများတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် အဓိက အခန်းက ပါဝင်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အားပေးအားမြှောက်ပြုပြီး ကျင်းပပေးနေခြင်းဖြစ်ကြောင်း။

ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင်၊ ကမ္ဘာတည်သရွေ့ ဆက်လက်ဖြစ်ထွန်းတည်ရှိနေအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ပိုမိုခိုင်မာရှင်သန်လာအောင် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မြန်မာလူမျိုးတို့အတွက် ပဓာနကျလှသော အမျိုးသားရေးတာဝန်ကြီးလည်းဖြစ်ကြောင်း။

ယနေ့နိုင်ငံတကာ၌ ခေတ်မီဆက်သွယ်မှုနည်းပညာများ လျင်မြန်စွာ တိုးတက်ဖြစ်ထွန်းနေလျက်ရှိရာ ခေတ်မီနည်းပညာရပ်များ ပိုမိုတွင်ကျယ်စွာအသုံးပြုနိုင်သည့် နိုင်ငံကြီးများသည် ၎င်းတို့၏ယဉ်ကျေးမှုများကို ရောယှက်လွှမ်းမိုးရန် အခွင့်အလမ်းများ ပိုမိုရရှိလာပြီး ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအနေဖြင့် အမျိုးသားရေးစရိုက်လက္ခဏာများ လျော့ပါးပျောက်ကွယ်သွားစေမည့် အန္တရာယ်များနှင့် ရင်ဆိုင်နေကြရကြောင်း။

မတူညီသောယဉ်ကျေးမှုများ ရောယှက်ထိုးဖောက်ရာတွင် လူငယ်လူရွယ်များကို အဓိကပစ်မှတ်အဖြစ် သတ်မှတ်ဆောင်ရွက်နေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း၊ လူငယ်လူရွယ်များအနေဖြင့် ၎င်းတို့၏ အမူအကျင့်နှင့် အတွေးအခေါ် အယူအဆများကို အထင်ကြီးအားကျပြီး အတုခိုးလက်ခံမိပါက အနာဂတ်ကာလ၌ အမျိုးသားရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများသည် မလွဲမသွေ ပျက်စီးယိုယွင်းသွားမှာဖြစ်ကြောင်း။

ပါဝင်ကြိုးပမ်း

ထို့ကြောင့် မိမိတို့၏ သမိုင်းစဉ်တစ်လျှောက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသော ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများအခွန့်ရှည် တည်တံ့ခိုင်မြဲနေအောင် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ရေးတွင် လူငယ်များကိုယ်တိုင် ပါဝင်ကြိုးပမ်းကြရမှာဖြစ်ကြောင်း။

ယနေ့လူငယ်လူရွယ်များ၏ မြန်မာ့ယဉ်ကျေးမှုဝလေ့စရိုက်နှင့် အညီ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားရေးကိုယ်ခံစွမ်းအား ကောင်းသည်ထက်ကောင်းအောင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နှစ်စဉ်ကျင်းပပေးပြီး အားဖြည့်တည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း။

မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရ နိုးကြားရှင်သန်နေရအောင် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသော အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ကျင်းပနိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ကော်မတီ လက်အောက်ဌာနများ၊ ဝန်ကြီးဌာနများ၊ အစည်းအရုံးများနှင့် စေတနာရှင်အလှူရှင်

များက တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီပေးကြခြင်းသည်လည်း မွန်မြတ်လှသည့် အမျိုးသားရေးတာဝန်ကြီးကို ထမ်းဆောင်ကြခြင်းဖြစ်ကြောင်း။

စနစ်တကျသုံးစွဲ

ယခုနှစ် တေရာသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကျင်းပနိုင်ရန်အတွက် ပထမအကြိမ် အလှူငွေ ပေးအပ်ပွဲ၌ လှူဒါန်းငွေ ကျပ်သိန်း ၁၀၀နှင့် ငါးသောင်းရရှိခဲ့ပြီး ယခုတစ်ကြိမ် မှာလည်း အင်တိုက်အားတိုက် ပါဝင်လှူဒါန်းကြခြင်းအတွက် နိုင်ငံတော်ကိုယ်စား၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ကိုယ်စား အထူးကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားလိုပါကြောင်း၊ လှူဒါန်းရရှိသောငွေများကိုလည်း အလေအလွင့်မရှိအောင် ကော်မတီ၊ ဆပ်ကော်မတီများအလိုက် အဆင့်ဆင့်ကြပ်မတ်ကွပ်ကဲပြီး စိစိစစ်စစ်ဖြင့် စနစ်တကျ သုံးစွဲသွားကြရမှာဖြစ်ကြောင်းနှင့် ယခုနှစ် တေရာသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်ကချမှတ်ပေးထားသည့် ရည်ရွယ်ချက်များအောင်မြင်အောင် အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် တစ်တပ်တစ်အားဝိုင်းဝန်းပံ့ပိုးကူညီပေးကြသည့် အတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အလှူငွေ

တေရာသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် စေတနာရှင် အလှူရှင် များက အလှူငွေများလှူဒါန်းလျက်ရှိရာ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ရရှိသည့်လှူဒါန်းငွေကျပ် ၈၂၀၉၀၀၀အပါအဝင် ယနေ့အထိအလှူငွေ စုစုပေါင်း ကျပ် ၁၈၂၅၉၀၀၀ ရရှိပြီးဖြစ်သည်။

(သတင်းစဉ်)



ဗိုလ်တထောင်မြို့နယ် အထက(၅) ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကို ဩဂုတ် ၂၀ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိန်မြင့်က ခြောက်ဘာသာ ဂုဏ်ထူးရှင် မရှယ်လီဝင်းအား ဂုဏ်ပြုဆုပေးအပ်စဉ်။ (ပညာရေး)

ရုပ်ရှင်သတင်းစဉ် အရည်အသွေးမြှင့်တင်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ထုတ်ဝေသောရုပ်ရှင်သတင်းစဉ်ဂျာနယ်ကို အရည်အသွေးမြှင့်တင်၍ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ဗုဒ္ဓဟူးနေ့တိုင်းထုတ်ဝေဖြန့်ချိလျက်ရှိသည့် ရုပ်ရှင်သတင်းစဉ်ဂျာနယ်ကို ကလောင်အင်အား၊ စာမူအင်အားတိုးချဲ့လျက် ပိုမိုကောင်းမွန်သော စက္ကူ အမျိုးအစား၊ ရောင်စုံပုံများ မြိုင်ဆိုင်ဝေဆာစွာဖြင့် ပုံနှိပ်ထုတ်ဝေထားသည်။

ယခုအပတ်ထုတ် အတွဲ(၂)၊ အမှတ်(၄)တွင် မြန်မာအမျိုးသမီးများ၏ ဂုဏ်ယူဖွယ်အလှအပ သတင်းဆောင်းပါး၊ နိုင်ငံခြားရုပ်ရှင်၊ မြန်မာဗီဒီယိုများ၊ ကိုရီးယား၊ အနုပညာ၊ အိန္ဒိယနှင့်ဖက်စပ်ရိုက်ကူးသော ရုပ်ရှင်၊ စံဇာဏီဘို၏ ရက်သတ္တပတ်စာ ကံကြမ္မာ၊ သူတို့ဆီကဂန္ထဝင်ရုပ်ရှင်၊ ဇာမဏီမော်ကွန်းထိုးကြမည့် သူများ စသည့် ရုပ်ရှင်၊ ဗီဒီယိုနောက်ခံသတင်းများ ဖတ်စရာများစုံလင်စွာဖော်ပြ ထားကြောင်းသိရသည်။ (က-ပ)

ဩဂုတ် ၁၈ရက်က ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို အထက(၂) စမ်းချောင်း စံပယ်ခန်းမတွင် ကျင်းပရာ ပါမောက္ခဒေါ်ထူးထူးအောင် ဟောပြောစဉ်။ (က-ပ)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီးများ အသင်းဝင်များအား တွေ့ဆုံမှာကြား

တွေ့ဆုံမှာကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်း မူဆယ်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခရိုင်နှင့်မြို့နယ် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြားစဉ်။ (မွေး/ရေ)

ရန်ကုန် ဩဂုတ် ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တို့သည် ဩဂုတ် ၁၉ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ပြည်နယ်၊ လားရှိုးခရိုင်နှင့် လားရှိုးမြို့နယ်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် အတွင်းရေးမှူးများက လုပ်ငန်း ဆောင်ရွက်ချက်များကို တင်ပြကြပြီး တင်ပြချက်များအပေါ် တိုင်းမှူး၊ တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်မြှင့်၍ ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် စိုက်ဧက ၂၄ ဧကတွင် ဒေသပြောင်းမျိုးစိုက်ပျိုးထားရှိမှုနှင့် တောင်ယာစပါးစိုက်ပျိုးထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုးချဲ့စိုက်ပျိုးသွားနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးသို့ရောက်ရှိပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်များနှင့် စည်းရုံးရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် တွေ့ဆုံ၍ ကွတ်ခိုင်မြို့နယ်အသင်း အတွင်းရေးမှူးက လုပ်ငန်းဆောင်ရွက်ချက်များတင်ပြပြီး တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က စည်းရုံးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ

နှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးအခြေစိုက်စခန်းသို့ရောက်ရှိပြီး ကျေးရွာ၊ ရပ်ကွက်များမှ တိုင်းရင်းသား၊ တိုင်းရင်းသူများအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် မူဆယ်မြို့ ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးရုံးတည်ဆောက်ရေး စခန်းသို့ရောက်ရှိပြီး စခန်းရှင်းလင်းဆောင်၌ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက နယ်စပ်ကုန်သွယ်ရေးဇုန် အကွက်ချ တည်ဆောက်နေမှု၊ အဆောက်အအုံများဆောက်လုပ်ပြီးစီးမှုများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် တည်ဆောက်မှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ညပိုင်းတွင် မူဆယ်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး မူဆယ်ခရိုင်နှင့်မြို့နယ်များမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား တွေ့ဆုံ၍ ၎င်းတို့၏ တင်ပြချက်များအပေါ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်မှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၇)ရပ်တွင် အသင်းဝင်များက တက်တက်ကြွကြွ ပါဝင်ပူးပေါင်း ဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ဩဂုတ် ၂၀ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် တိန်းလုံကျေးရွာ အထူးအထွက်တိုး ဆင်းရွှေလီမိုးစပါး စံပြ ၁၀ဧက စိုက်ကွင်း၏ မြေသြဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ပူးပေါင်းပါဝင်

ရှေးဦးစွာ အခမ်းအနားအစီအစဉ်အရ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မူဆယ်ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာတို့က မူဆယ်ခရိုင်အတွင်း ဒေသဝမ်းစာဖူလုံမှု၊ စပါးစိုက်ပျိုးပြီးစီးမှုနှင့် ဆင်းရွှေလီ တစ်ဧက တင်း ၂၅၀ ထွက်ရှိရေး ဆောင်ရွက်ထားသည့် အခြေအနေများကိုလည်းကောင်း၊ ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးစိုင်းအိုက်အေးက ၂၀၀၅–၂၀၀၆ခုနှစ် မိုးစပါး တစ်ဧက တင်း ၂၅၀ ထွက်ရှိရေး အတွက် အသင်းမှ ပူးပေါင်းပါဝင် ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ဒေသဝမ်းစာဖူလုံရုံမျှမက ပိုလျှံစွာ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စီးပွားရေး အခြေခံကောင်းများ တိုးတက်ရရှိနိုင်မှုအခြေအနေ၊လယ်ယာတောင်သူဦးကြီးများ ယုံကြည်စွာ လက်ခံ စိုက်ပျိုးခြင်းကြောင့် စိုက်ဧကများ တိုးတက်လာပြီး တစ်ဧက အထွက်နှုန်းများ တစ်ဧကစပါးတင်း ၂၄၀အထိ ထွက်ရှိလာမှုအခြေအနေနှင့် တိုးချဲ့ဆောင်ရွက်ရန် တို့ကို ဆွေးနွေးမှာကြားပြီး ၂၀၀၅–၂၀၀၆ ခုနှစ် မူဆယ်မြို့နယ် မိုးစပါး ဆင်းရွှေလီ အထူးအထွက်တိုး တစ်ဧက တင်း ၂၅၀ စံပြကွင်းများတွင် ကောက်ကွက်ပြည့်မီအောင် စိုက်ပျိုးနိုင်သည့် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး ဇော်မင်း က လည်းကောင်း၊ တစ်ဧက ကောက်ကွက်ပြည့်မီအောင်ကြီးကြပ်ဆောင်ရွက်ခဲ့သည့် စိုက်/ကြပ်တာဝန်ခံဆုနှင့် စိုက်/ကြပ်ခေါင်းဆောင်ဆုရရှိသူများအား ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက လည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး အထူးအထွက်တိုး ဆင်းရွှေလီမိုးစပါး စိုက်ခင်းများကို တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က စိုက်ကွင်းအတွင်း မြေသြဇာကြဲပက်ကြသည်။

ထိုမှတစ်ဆင့် မူဆယ်မြို့နယ် ဆယ်လန့်ကျေးရွာအုပ်စု ဖိုင်ကျောင်းကျေးရွာတွင် ၁၀ဧကစိုက်ပျိုး ဆောင်ရွက်ထားသော ဆင်းရွှေလီ မျိုးစေ့ထုတ်စိုက်ကွင်းသို့ရောက်ရှိပြီး တာဝန်ရှိသူများ၏တင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး မျိုးစေ့ထုတ်စိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

မလေးရှားနိုင်ငံမှ လေ့လာရေးအဖွဲ့ ရန်ကုန်မြို့တွင်း ကြည့်ရှုလေ့လာ

နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်း မလေးရှားနိုင်ငံ Malaysian Armed Forces Staff College Course မှ Col. Sheikh Mokhisn bin Sheikh Hassan ခေါင်းဆောင်သည့် လေ့လာရေးအဖွဲ့ဝင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၃

မလေးရှားနိုင်ငံ Malaysian Armed Forces Staff College Course မှ Col. Sheikh Mokhisn bin Sheikh Hassan ခေါင်းဆောင်သည့် လေ့လာရေးအဖွဲ့ဝင်များသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်သို့ ရောက်ရှိကြပြီး ဧည့်ခန်းမဆောင်၌ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ် မိုးဟိန်းအား တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် ရှင်းလင်းခန်းမဆောင်၌ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်၏ သမိုင်းကြောင်းနှင့် သင်ကြားမှုဆိုင်ရာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလင်းဟန်က မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာများကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းသိန်းက နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာများကို လည်းကောင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မမဆွေက မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများကိုလည်းကောင်း ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့် လေ့လာရေးအဖွဲ့ခေါင်းဆောင် Col . Sheikh Mokhisn bin Sheikh Hassan တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြပြီး နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ ရောက်ရှိကြရာ သူရဲကောင်းစစ်သည်ဗိမာန်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ငယ်ဥက္ကဋ္ဌ၊ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် တပ်မတော်အရာရှိများက ကြိုဆိုကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် သူရဲကောင်းစစ်သည်များအား ပန်းခြင်းချအလေးပြုကြပြီး လှည့်လည်ကြည့်ရှု လေ့လာကြ၍ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

လေ့လာရေး အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ရောက်ရှိကြရာ တပ်မတော်စစ်သမိုင်းပြတိုက်မှ ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် စစ်သမိုင်းပြတိုက်အတွင်းရှိ ပြခန်းများကိုလိုက်လံကြည့်ရှုလေ့လာကြရာ ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်းက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ မြန်မာ့ကျောက်မျက်ရတနာပြတိုက်မှပြတိုက်တာဝန်ခံများ ဖြစ်ကြသော ဗိုလ်မှူးဇော်ဝင်းနိုင်၊ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ပြတိုက်အတွင်းကြည့်ရှုလေ့လာကြရာ မြန်မာ့ကျောက်မျက်ရတနာပြတိုက်မှ ပြတိုက်တာဝန်ခံများနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းမြင့်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ပြတိုက်သို့ ရောက်ရှိကြရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနမှ ရဲမှူးကြီးသိန်းကြည်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ပြတိုက်အတွင်း ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

ရတနာမဥ္ဇူဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၃

ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက်၊ (၂)လမ်း၊ ရတနာမဥ္ဇူရိပ်သာ၌ လယ်တီမူ အနာဂါမ် ဆရာသက်ကြီး၏နည်းဖြင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း(ဒလ–ပျော်ဘွယ်ကြီး) ဦးဆောင်၍ ဩဂုတ်၂၇ရက်မှ စက်တင်ဘာ ၃ရက်အထိ လစဉ်လပြည့်ကျော် ၈ရက်နေ့တိုင်း ခုနစ်ရက် ဝိပဿနာ တရားစခန်းဖွင့်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ဖွင့်မည့်ရက် နံနက် ၇နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ (ကပ)

✧ **နိုင်ငံတော်မှ**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ပျိုးဥယျာဉ် (၂)အတွင်း ပျိုးထောင်ထားရှိသည့် ပျားလိမ္မော်၊ ရှောက်၊ သံပရာ၊ နွယ်သာကီ၊ ပိန္နဲနှင့် တည်ပင်ပျိုးပင်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဧက ၁၀၀နှစ်ရှည်ပင်နှင့် ရာသီသီးနှံ စိုက်ခင်းအတွင်းရှိ ရှုရပ်မျှော်စင်မှ ရင့်မှည့်၍ ရိတ်သိမ်းရန်အသင့်ဖြစ်နေသော စံပြနေကြာနှင့် စံပြပဲပုပ် စိုက်ခင်းများ ၊တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသော စံပြပြောင်းစိုက်ခင်းများ၏ သီးပွင့်အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ဧက ၁၀၀နှစ်ရှည်ပင်နှင့် ရာသီသီးနှံစိုက်ခင်းအတွင်း လှည့်လည် ကြည့်ရှုရာ စိုက်ကွင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးမျိုးချစ်က နှစ်ရှည်ပိန္နဲပင်များ စိုက်ပျိုးထားရှိမှု၊ နှစ်ရှည်လိုင်ချီးပင် ၁၀၀၀ စိုက်ပျိုးထားရှိမှုနှင့် နှစ်ရှည်ပင်များအကြား ကြားသီးနှံ ပဲပုပ်နှင့် နေကြာပင်များ စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြပြီး စိုက်ခင်းအတွင်း လှည့်လည်ပြသသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ဘိန်းအစားထိုးသီးနှံ မျိုးစေ့ထုတ် လုပ်ငန်း ကုန်းမြင့်ယာမြေ(၁) ဧက ၁၀၀၀စံပြစိုက်ခင်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး ရှင်းလင်းဆောင်စုရပ်မှနေ၍ တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းအောင်မြင်နေသော ဆင်းရွှေလီ အစေ့ထုတ်ပြောင်း ဧက ၃၀၀စိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ ဟိုပိတ်ကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသည့် အစိုးရနည်းပညာကောလိပ် (လားရှိုး) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီး ဒေါက်တာဆွေဆွေမော်က အစိုးရနည်းပညာကောလိပ်၏ တည်နေရာ၊ အကျယ်အဝန်း၊ ကျောင်းသားဦးရေနှင့် ဆရာ၊ ဆရာမ ဦးရေ၊ သင်တန်းများပို့ချနေမှု အခြေအနေတို့ကိုလည်းကောင်း၊ ဆောက်လုပ်ရေးတာဝန်ခံ ဦးကောင်းမြတ်သူက အစိုးရနည်းပညာကောလိပ်၏ ပင်မသုံးထပ်ဆောင် တည်ဆောက်နေမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျောင်းအင်္ဂါရပ်နှင့်အညီ ကျောင်းပရဝဏ်အဝင် လမ်းများကိုပါ ထပ်လောင်းဆောင်ရွက်ပေးရေး၊ ပန်းအလှပင်များ ယခုကတည်းက စိုက်ပျိုးသွားကြရေး မှာကြားသည်။

အဆိုပါ လားရှိုးအစိုးရနည်းပညာကောလိပ်သည် လားရှိုးမြို့အထွက် လားရှိုး–သိန်းနီကားလမ်းမကြီးဘေးတွင် တည်ရှိပြီး မြေဧရိယာ အကျယ် ၅၂ ဒသမ ၁၅ဧကပေါ်၌ အလျား ၅၇၃ပေ၊ အနံ ၃၅၈ပေရှိ ကျောင်းသား၊ ကျောင်းသူ ၃၀၀၀ခန့် ပညာသင်ကြားနိုင်သည့် သုံးထပ်ပင်မဆောင် ဆောက်လုပ်နေခြင်း ဖြစ်ကြောင်းသိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း အုတ်မြစ် Footing လုပ်ငန်းများ၊ Coloumတိုင် လုပ်ငန်းများ၊ Ground Beam တည်ဆောက်ရေးလုပ်ငန်းများနှင့် အပေါ်ထပ် Super Structure လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဘိန်းအစားထိုးသီးနှံ အရိပ်မဲ့ကော်ဖီဧက ၁၀၀စိုက်ခင်းသို့ရောက်ရှိကြရာ တိုင်းဦးစီး ဗိုလ်မှူးကြီး ဗိုလ်မှူးကြီးအောင်မျိုးမြင့်က အရှေ့မြောက်တိုင်း စစ်ဌာနချုပ် စိုက်ပျိုးခြံ ရှိကော်ဖီ ပျိုးပင်များကို စိုက်ခင်းအတွင်း ပြောင်းရွှေ့စိုက်ပျိုးထားရှိမှုနှင့် တစ်ဧကွ၌ ကော်ဖီပင် ၂၄၅၀ခန့် ဝင်ဆံ့နိုင်ရန် စိုက်ပျိုးခဲ့မှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ကုန်းမြင့်ယာမြေ(၁) ဧက ၁၀၀၀စံပြစိုက်ခင်းရှုရပ်ကုန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှေးဦးစွာ စိုက်ကွင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်က စိုက်ခင်းအတွင်း သီးနှံများကို တစ်ဧကအထွက်နှုန်းတိုးတက်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေရရှိရေးအတွက် အောင်ချမ်းသာဆည်မှ အလိုအလျောက် ရေတင်စနစ်ဖြင့် ဂါလန်နှစ်သိန်းဆံ့ ကန်အတွင်းသို့ ရေတင်ပို့မှု လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် စိုက်ခင်းများအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့နားလုံကျေးရွာအနီးရှိ နင်းနင်းခိုင်ကုမ္ပဏီ၏ အစေ့ထုတ်ပြောင်းနှင့် ပျားလိမ္မော် ဧက ၅၀၀ စိုက်ခင်းသို့ ရောက်ရှိကြရာ အုပ်ချုပ်မှု ဒါရိုက်တာ ဦးကျော်မြင့်က ပျားလိမ္မော်များစိုက်ပျိုး၍ Ve Ve အချိုရည်ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ပြောင်းနှံ့ရည်စည်သွတ်လုပ်ငန်းဆောင်ရွက်ရန် စီစဉ်နေမှုနှင့် စိုက်ခင်းမှထွက်ရှိမည့် နာနတ်မှ စည်သွတ်ဘူးများ ထုတ်လုပ်မည့် အစီအစဉ်များကိုလည်းကောင်း၊ စိုက်ခင်းတာဝန်ခံ ဦးကျော်ကျော်က မြေယာပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ် ဆည်မြောင်းဦးစီးဌာနမှူး ဦးကျော်ဝင်းက နင်းနင်းခိုင်ကုမ္ပဏီ၏ စိုက်ခင်းအပါအဝင် အနီးပတ်ဝန်းကျင်ရှိ စိုက်ခင်းများ ရေရရှိရေးအတွက် နမ့်မျှော်ချောင်းမှ စိုက်ခင်းများအတွင်းရှိ ဂါလန် ၃၅၀၀၀ဆံ့ ရေလှောင်ကန်အတွင်းသို့ အမြင့်ရေတင်စက်ဖြင့် ရေတင်စုဆောင်းထားရှိမှုကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက် ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နင်းနင်းခိုင်ကုမ္ပဏီ၏ စိုက်ခင်းအတွင်း အစေ့ထုတ်ပြောင်းစိုက်ခင်း၊ နာနတ်ငါးဧကနှင့် ပျားလိမ္မော်ဧက ၅၀စိုက်ပျိုးထားရှိမှု၊ ပျိုးဥယျာဉ်အတွင်း ပျားလိမ္မော်ပျိုးပင် ၂၅၀၀၀ပျိုးထောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့သို့ ပြန်လည် ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၃–၈–၂၀၀၅)

ခန္တီးမြို့	၈ ဒသမ ၁၉ လက်မ
မြစ်ကြီးနားမြို့	၃ ဒသမ ၆၇ လက်မ
ကျောက်တော်မြို့	၃ ဒသမ ၅၀ လက်မ
ကော့သောင်းမြို့	၃ ဒသမ ၁၉ လက်မ
သထုံမြို့	၂ ဒသမ ၀၉ လက်မ
အောင်လံမြို့	၁ ဒသမ ၆၆ လက်မ
ပျဉ်းမနားမြို့	၁ ဒသမ ၀၃ လက်မ

ဆရာဝန်များ အထူးမွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၃

ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပသည့် ဆရာဝန်များ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အရှေ့ဈေးလမ်းရှိ ကျန်းမာရေးဝန်ထမ်းသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာကျော်မြင့်က အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းတွင် သက်ဆိုင်ရာဘာသာရပ်များအလိုက် အထူးကုဆေးရုံကြီးများမှ ပါမောက္ခ/ဌာနမှူးများက အနီးကပ် လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းသားများအဖြစ် မလေးရှားနိုင်ငံသို့ သွားရောက် တာဝန်ထမ်းဆောင်ကြမည့် အထူးကု ဆရာဝန် ၂၃ဦး၊ လက်ထောက်ဆရာဝန် ၄၀၊ စုစုပေါင်း ၆၃ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှစ၍ ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်ရန် ဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ယမန်နေ့က ထုတ်ပြန်ကြေညာသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် **"ခေတ်မီဘက်စုံတည်ဆောက်ရေး"**နှင့် **"ရှုချင်စဖွယ်အမျိုးသား ယဉ်ကျေးမှု"**ဟူ၍ ခေါင်းစဉ်နှစ်မျိုးသတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀ လက်မ x၁၂လက်မနှင့် အထက်အရွယ် Print ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရရှိသေးသူများအတွက် ဆုရရှိမည့် အခွင့်အလမ်းပိုမို ရရှိလာမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါကနဂ္ဂတစ်ကို တင်ပြနိုင်ရမည်ဖြစ်ပြီး ဆလိုက်ဖလင်ကို လက်ခံမည် မဟုတ်ပေ။ ဓာတ်ပုံနှင့် ဆိုင်ရာ အချက်အလက်များ (Data)နှင့် ဓာတ်ပုံအကြောင်းအရာ (Caption) တို့ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ ပူးတွဲပေးပို့ရမည်ဖြစ်သည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏ သဘောတူခွင့်ပြုချက် ပါရှိရ မည်ဖြစ်သည်။ ပြိုင်ပွဲဝင်သောဓာတ်ပုံသည် မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်းနှင့် ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိကြောင်းတို့ကို ဝန်ခံဖော်ပြချက်ပါရှိရမည်ဖြစ်သည်။ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ဒုတိယနှင့် တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ၂၀၀၆ ခုနှစ် မတ် ၂၇ရက်တွင် ရန်ကုန်မြို့၌ကျင်းပမည့်(၆၁)နှစ်မြောက်တပ်မတော်နေ့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများအား သက်ဆိုင်ရာတိုင်း၊ တပ်မဌာနချုပ်များတွင် ကျင်းပသော (၆၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဦးသန်းထွန်း ဒုတိယညွှန်ကြားရေးမှူး(ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂–၂၄)ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့လိပ်မူ၍ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၄ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာကကြေညာချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဆရာဝန်များ အထူး မွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၀၅) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းလက်ဝှေ့ပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၃

(၁၃)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းလက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၉နာရီတွင်မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် သူရမောင်သိန်းခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၃

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဩဂုတ် ၂၅ ရက်မှ ၂၆ရက်အထိ ကျင်းပမည့် (၂၁)ကြိမ်မြောက် အာဆီယံ–ဂျပန်ဖိုရမ်အစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် ဂျပန်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ နိုဘူတာကေ အိုဒါနိုတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြီးမြင့်လည်း လိုက်ပါသွားသည်။ (သတင်းစဉ်)

ဂျပန်နိုင်ငံတိုကျိုမြို့တွင် ကျင်းပမည့် (၂၁)ကြိမ်မြောက် အာဆီယံ–ဂျပန်ဖိုရမ် အစည်းအဝေးသို့ တက်ရောက်ရန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄–၈–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ အတီးပြိုင်ပွဲ
- ၈း၀၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၁၀ ၈။ အရေးပြိုင်ပွဲ
- ၈း၂၀ ၉။ ပေါင်းစည်းအင်အား ဧရာဝတီမြစ်ကူးတံတား
- ၈း၃၀ ၁၀။ International News.
- ၈း၄၅ ၁၁။ Let' s Go.
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဓာတုဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ဓာတုဗေဒ)
- ၄း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅း၀၀ ၅။ ၂၀၀၅ခုနှစ်တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ဓမ္မပူဇာတေး) (အခြေခံပညာ ၁၀–၁၅နှစ်) (အမျိုးသမီး)
- ၅း၁၅ ၆။ သီချင်းကြီးပဒေသာ
- ၅း၃၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅း၄၀ ၈။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ
- ၆း၀၀ ၉။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၆း၃၀ ၁၀။ ညနေခင်းသတင်း
- ၇း၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျောက်ဆုံးသွားသောအရာ" (အပိုင်း–၂)**
- ၇း၃၅ ၁၃။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၇း၄၅ ၁၄။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **"စာအုပ်အတွင်းမှသီချင်းများ" (ဗိုလ်ကလေးတင့်အောင် စီစဉ်တင်ဆက်သည်။)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ကုန်သည်/ စက်မှုလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဝန်ကြီးက မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် နိုင်ငံတော်ကချမှတ်ထားသော စီးပွားရေး ဦးတည်ချက်များနှင့်အညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် နိုင်ငံတကာတွင် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းလျက်ရှိရာ၌ ပြည်နယ်နှင့်တိုင်း အသီးသီးရှိ ကုန်သည်များ၊ အသင်းများသည်လည်း တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ကုမ္ပဏီလုပ်ငန်းရှင်များက မြေယာဖော်ထုတ်လုပ်ကိုင်မှု ဧကပေါင်း ငါးသောင်းကျော်ရှိနေပြီး မကြာမီ ဧကတစ်သိန်းကျော်တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကားပြောကြားကြပြီး အသင်းချုပ် အလုပ်အမှုဆောင် ဦးစိုင်းဘဉာဏ်က ပြည်ပပို့ကုန်သီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော လုပ်ငန်းရှင်ကုန်သည်များက ပြည်ပပို့ကုန် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ရာသီသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ၊ ကုန်သည်အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

မကွေးတိုင်းနှင့်မန္တလေးတိုင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပြင်ဦးလွင်မြို့၌ National Landmarks Garden တည်ဆောက်မည့်နေရာတွင် စတင်ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။
(သစ်တောရေးရာ)

ရန်ကုန် ဩဂုတ် ၂၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၂၁ရက်မှ ယနေ့အထိ မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အပူပိုင်းဒေသတောင်တန်းများ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် သစ်တောစိုက်ခင်းများ တည်ထောင်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဩဂုတ် ၂၁ရက်တွင် ပေါက်မြို့နယ် တက်မတောင် စိမ်းလန်းစိုပြည်ရေးပျိုးဥယျာဉ်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် မြို့နယ်ဦးစီးအရာရှိ ဦးဝင်းမြင့်တို့က တက်မတောင်စိမ်းလန်းစိုပြည်ရေးအတွက် သဘာဝတော ထိန်းသိမ်းခြင်းနှင့် စိုက်ခင်းများတွင် ကွက်လပ်ဖြည့် စိုက်ပျိုးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက တက်မတောင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဗျတ္တပန်း ဆက်လမ်းတစ်လျှောက်ရှိ လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ၊ သစ်တောဘုတ်တိုင်များနှင့် သတိပေးဆိုင်းဘုတ်များ ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးသည် ဩဂုတ် ၂၂ရက်တွင် ပုပ္ပားတောင်အရှေ့ဘက်ခြမ်း ဆင်ဆင်းတာဘောင်၌ ငှက်ပျောတောများအတွင်း နှစ်ရှည်သီးနှံ စိုက်ပျိုးနေမှုနှင့် ပုပ္ပားတောင် စိမ်းလန်းစိုပြည်ရေးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် တောင်သာမြို့နယ် မြင်စိုင်းတောင် စိမ်းလန်းစိုပြည်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိ၍ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားပြီး မြင်စိုင်းတောင် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မြင်းခြံမြို့နယ် ကုက္ကဲတောင် စိမ်းလန်းစိုပြည်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီး ဥယျာဉ် ရှင်းလင်းဆောင်သို့ ရောက်ရှိ၍ National Landmarks Garden တည်ဆောက်ရေး ကိစ္စရပ်များကို ဆွေးနွေးသည်။

ဝန်ကြီးသည် ယနေ့နံနက် ၈နာရီ မိနစ် ၂၀တွင် ပုသိမ်ကြီးမြို့ ဗဟိုသစ်တော လုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာန သင်တန်းကျောင်းခွဲသို့ရောက်ရှိရာ ကျောင်းအုပ်ကြီး ဦးမြင့်အောင်နှင့် ဦးစီးအရာရှိ ဦးတင့်ဆွေတို့က ကျောင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ စာသင်ခန်းများ၊ သင်တန်းဆရာများနှင့် သင်တန်းသား အိပ်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် Fly Man သစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ တာဝန်ခံ ဦးအောင်နိုင်ဦးက အသစ်တပ်ဆင်မည့် စက်များ ရောက်ရှိနေမှုကို လိုက်လံပြသပြီး ဝန်ကြီးက သစ်ခွဲစိတ် လည်ပတ်မှု အဆင့်ဆင့်နှင့် နိုင်ငံခြားတင်ပို့မည့် သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရတနာပုံဥယျာဉ်သို့ ရောက်ရှိရာ အုပ်ချုပ်ရေးမှူး ဦးရဲမြင့်က ဥယျာဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဥယျာဉ်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

ဆက်သွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် သင်တန်းများဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဩဂုတ် ၂၃

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချမည့် တယ်လီဖုန်းကေဘယ်လ် တည်ဆောက်ခြင်းသင်တန်း၊ ကြေးနန်းပို့သင်တန်း၊ သတင်းဝန်ဆောင်မှု သင်တန်းနှင့် တယ်လီဖုန်းလိုင်း တည်ဆောက်ခြင်းသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်း ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းများဖွင့်ပွဲ အခမ်းအနားတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က တက်ရောက် အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းများသို့ သင်တန်းသား၊ သင်တန်းသူ ၆၉ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၂၃

၁၃၆၇ခုနှစ် (ဝါခေါင်လပြည့်ကျော် ၈ရက်) ဩဂုတ် ၂၇ရက် (စနေနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင် သမင်ခြံကျောင်းဦးစီးပဓာန နာယက အဖျောက်ဆရာတော် ဘဒ္ဒန္တဇနက အရှင်သူမြတ်က လည်းကောင်း၊ ညနေ ၃နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကျိုက်ပိကျောင်း မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တဂုဏောသန အရှင်သူမြတ်က လည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ကြရန် နှိုးဆော်

ရန်ကုန် ဩဂုတ် ၂၃

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၅ခုနှစ်အတွက် (၁၆)ကြိမ်မြောက် ကျင်းပပေးမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ **“ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ”** ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ၁၀ လက်မ x ၁၂ လက်မ (သို့မဟုတ်) ၁၀ လက်မ x ၁၄ လက်မ ထက်မငယ်သော အရွယ်အစား Print ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့် စပ်လျဉ်းသည့် အကြောင်းအရာ (Caption) အပြည့်အစုံပါရှိရမည်။ ဓာတ်ပုံများပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ တွဲဖက် အတွင်းရေးမှူး ဦးသန်းထွန်း ဒုတိယညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (၂၂–၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၅ခုနှစ် အောက်တိုဘာ ၁၅ရက်နောက်ဆုံးထား၍ ပေးပို့ရမည်။ ပြိုင်ပွဲတွင် ဆုရရှိသော ဓာတ်ပုံပညာရှင်များ၏ အမည်ကို ၂၀၀၅ခုနှစ် နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့ စိုးရိမ်ရေမှတ် ရောက်နိုင်

ရန်ကုန် ဩဂုတ် ၂၃

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ခန္တီးမြို့၌ ၁၂၃၇ စင်တီမီတာနှင့် ဟုမ္မလင်းမြို့၌ ၂၇၅၃ စင်တီမီတာတို့သို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ခန္တီးမြို့၏ စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာသို့ လည်းကောင်း၊ နောက် ၇၂နာရီအတွင်း ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာသို့ လည်းကောင်း အသီးသီး ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄–၈–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် –Admiralty Jurisdiction (စတုတ္ထနှစ်–ဥပဒေပညာ)**
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “အချစ်စစ်တို့ရဲ့သစ္စာနယ်မြေ” (အပိုင်း–၁၅)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ ဗွီစီဒီ ကျော်ကြားတေးများ
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “တရားရှင်” (အပိုင်း–၇)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

သာသနာပြု မှဲ့ရှင်ဆရာတော် မွေးနေ့ဝိဇာတမင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ငါးဆူတောင်ဓမ္မရိပ်သာကျောင်းတိုက်၏ ဦးစီးပဓာန နာယက နယ်လှည့်သာသနာပြုမှဲ့ရှင်ဆရာတော် ဘဒ္ဒန္တ ခေမာစာရ၏ သက်တော်(၆၇)နှစ်မြောက် မွေးနေ့ဝိဇာတ မင်္ဂလာ အခမ်းအနားကို ဩဂုတ် ၁၉ရက် နံနက် ၁၀နာရီခွဲတွင် မဟာမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက် ပရိဝုဏ်အတွင်း၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ သီလရှင်များ ကြွရောက်တော်မူကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝတ်ရွတ်အဖွဲ့များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ ဆရာတော်ဘဒ္ဒန္တ ခေမာစာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံမှ မေတ္တသုတ် ပရိတ်တရားတော်များ နာကြားကြသည်။

ထို့နောက် ဗိုလ်မှူးချုပ်လှမင်းနှင့် ဇနီး ဒေါ်နိုင်နိုင်မော်တို့က ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ရွှေတောင်မြို့ ဂန္ဓာရုံကျောင်းတိုက် ဆရာတော်အဂ္ဂမဟာအကျော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသထံမှ အနုမောဒနာတရား နာကြားကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဇလွန်မြို့နယ်အသင်း၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၂၀ ရက်က စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၇၇) ရှိ အသင်းတိုက်၌ ကျင်းပရာ အသင်းနာယကများ၊ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များက ဆရာတော်ထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

မဟာမဲခေါင်ဒေသခွဲအတွင်း လူနှင့်ကုန်စည်များ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ ကုန်းလမ်းပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသော မဟာမဲခေါင်ဒေသခွဲအတွင်း လူနှင့်ကုန်စည်များ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ်၏ အဆင့်(၃) နောက်ဆက်တွဲနှင့် အခြေပြုစာချုပ်ငယ်များ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများမှ ကိုယ်စားလှယ် ၃၂ဦး၊ အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)မှ ကိုယ်စားလှယ်သုံးဦး၊ PADECO Co., Ltd မှ Consultant နှစ်ဦး စုစုပေါင်း ၃၇ဦးနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းဌာနများ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးသူရဦးသောင်းလွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အာရှဖွံ့ဖြိုးရေးဘဏ် မဟာမဲခေါင်ဌာနခွဲမှ Mr. Yushu Feng Senior Regional Cooperation Economist က အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် အစည်းအဝေး တက်ရောက်လာကြသူများသည် အစည်းအဝေးခန်းမ၌ အမှတ်တရ မှတ်တမ်းဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက် ကျင်းပသည်။ အဆိုပါ အစည်းအဝေးကို ယနေ့မှစ၍ ဩဂုတ် ၂၆ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကုန်းလမ်းပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် မဟာမဲခေါင်ဒေသခွဲအတွင်း လူနှင့်ကုန်စည်များ နယ်စပ်ဖြတ်ကျော် သယ်ယူ ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ်၏ အဆင့်(၃) နောက်ဆက်တွဲနှင့် အခြေပြုစာချုပ်ငယ်များ တတိယအကြိမ် ညှိနှိုင်း အစည်းအဝေးတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (ရထား)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၈-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	သံဂဟေအတတ်ပညာ အပိုင်း(၁)
၇:၁၅	ပြည်တွင်းသတင်းအကျဉ်း
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	သီးနှံဖျက်ပိုးများကို ထိရောက်စွာကာကွယ် နှိမ်နင်းနည်းများ အပိုင်း(၁)
၈:၂၀	တေးဂီတအစီအစဉ်
၈:၂၅	ဒေသဝမ်းစာဖူလုံဖို့ ဆင်းရွှေလီစပါး စိုက်ကြစို့ အပိုင်း(၂)
၈:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး
၉:၀၀	ပြည်တွင်းသတင်းအကျဉ်း
၉:၀၅	မိုးလေဝသခန့်မှန်းချက်
၉:၁၀	မနီတို့ရွာနှင့် သစ်တော
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	သတိပြုကာကွယ် ငှက်ဖျားအန္တရာယ်
၉:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (အကယ်ဒမီခင်ယုမေ)
၁၀:၅၀	တိုးတက်ဖွံ့ဖြိုးရာဇီဝလောင်စာ
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်သည်။

English Permier League

ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်
၁၀:၀၀	Newcastle-West Ham
လိုင်း	5-Cartoons(Delay)
၁:၀၀	ပွဲကြိုသုံးသပ်ချက်
လိုင်း	5-Cartoons(Live)
၁:၁၀	Chelsea-West Brom
လိုင်း	5-Cartoons(Live)
	Arsenal-Fulham
လိုင်း	5-Movies(Live)
၃:၃၀	Blackburn-Tottenham
လိုင်း	5-Movies(SDD)
	Bolton-New Castle
လိုင်း	5-Cartoons(SDD)

ပျဉ်းမနားမြို့ မြို့နယ်လုံးဆိုင်ရာ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

မန္တလေးတိုင်း ပျဉ်းမနားမြို့- မြို့နယ်လုံးဆိုင်ရာ ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကို ဩဂုတ် ၁၉ရက် မွန်းလွဲ ၁နာရီတွင် ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပင့်သံဃာဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးကြီးတင်ငွေနှင့် တပ်မတော်အရာရှိကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အလှူရှင်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဧည့်ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ဉာဏဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးကြီးတင်ငွေက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး အလှူရှင်များနှင့်အတူ သံဃာတော် ၅၇၅ပါးတို့အား ဝါဆိုသင်္ကန်း ၅၇၅ စုံနှင့် ဆွမ်းဆန်တော် ၂၁၈အိတ်တို့ကို ဆက်ကပ်လှူဒါန်း၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မင်္ဂလာဖေယျံပါဠိတက္ကသိုလ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ ရေစက်ချ အနုမောဒနာတရား နာကြားကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို မင်္ဂလာကန်တော်ပတ်လမ်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ (သတင်းစဉ်)

အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၃

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အခြေခံ တိုင်းရင်းဆေးပညာ ရက်တိုသင်တန်း အမှတ်စဉ်(၉/၂၀၀၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲတပ်ရင်းမှူးကွပ်ကဲရေးမှူး ရဲမှူးချုပ်သန်းဟန် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နည်းပြအရာရှိများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းကို ယနေ့မှ စက်တင်ဘာ ၁၆ရက်အထိ ရက်သတ္တပတ် လေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အခြားအဆင့်သင်တန်းသား ၅၅ဦး၊ အကျဉ်းဦးစီးဌာနမှ အခြားအဆင့် သင်တန်းသားငါးဦး စုစုပေါင်း သင်တန်းသား ၆၀ တို့ တက်ရောက်ကြသည်။

အလားတူ မန္တလေးတိုင်း ရဲတပ်ဖွဲ့ အောင်ဆန်းခန်းမ၌လည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အခြားအဆင့် သင်တန်းသား ၅၅ဦး၊အကျဉ်းဦးစီးဌာနမှ အခြားအဆင့် သင်တန်းသားငါးဦး စုစုပေါင်း သင်တန်းသား ၆၀ တို့ဖြင့် သင်တန်းဖွင့်ပွဲ ကျင်းပခဲ့ရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် ဩဂုတ် ၂၃

ယနေ့ မြန်မာစံတော်ချိန် ၀၅ နာရီ ၃၄ မိနစ် ၁၂ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၈မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ ၂အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်းကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

အရှေ့တောင်အာရှပွဲအတွက် အလေးမ လူရွေးမည်

ရန်ကုန် ဩဂုတ် ၂၃

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်က ကြီးမှူး၍ (၂၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အလေးမ လူရွေးပွဲကို စက်တင်ဘာ ၆ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် လေ့ကျင့်ရေးရုံး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများသည် အောက်ပါ အနိမ့်ဆုံးစံချိန်ကို တင်နိုင်သူများဖြစ်ရမည်။

အမျိုးသမီး (၄၈)ကီလိုတန်း ကီလို ၁၇၀၊ (၅၈)ကီလိုတန်း ၁၈၅ကီလို၊ (၆၃)ကီလိုတန်း ကီလို ၁၉၀၊ (၆၉) ကီလိုတန်းနှင့် (၇၅)ကီလိုတန်း ကီလို ၂၀၀ ဖြစ်ပြီး အမျိုးသား (၆၉)ကီလို တန်း ကီလို ၂၃၀၊ (၈၅)ကီလိုတန်း၊ (၉၄)ကီလိုတန်း၊ (၁၀၅)ကီလိုတန်းနှင့် (+၁၀၅)ကီလိုအထက် တန်းများသည် ကီလို ၂၅၀ ဖြစ်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အောင်ဆန်း အားကစားကွင်းသို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)



ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အားကစားကွင်း အထူးတန်း ပွဲကြည့်စင် ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (ရန်ကုန်တိုင်း)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ရန်ကုန်တိုင်း အသက်(၁၇)နှစ်အောက် ဘောလုံးပြိုင်ပွဲနှင့် လှိုင်မြို့နယ် အားကစားကွင်း အထူးတန်း ပွဲကြည့်စင်ဖွင့်ပွဲ တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၅ ခုနှစ် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အသက်(၁၇)နှစ်အောက် မြို့နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အားကစားကွင်း အထူးတန်းပွဲကြည့်စင်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အားကစားကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် ဘောလုံး အားကစားအသင်းများက ကွင်းအတွင်းရှိ သတ်မှတ်နေရာ အသီးသီး၌ နေရာယူကြသည်။

ဖွင့်လှစ်

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က လှိုင်မြို့နယ် အားကစားကွင်းအထူးတန်းပွဲကြည့်စင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ၂၀၀၅ခုနှစ် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အသက်(၁၇)နှစ်အောက် မြို့နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ယနေ့ ဖွင့်လှစ်သည့် လှိုင်မြို့နယ် အားကစားကွင်း အထူးတန်းပွဲကြည့်စင်နှင့် ဘောလုံးကွင်းသည် ယခင်က ဟောင်းနွမ်းပြီး အဆင့်မမီသည့်ဘောလုံးကွင်းဖြစ်၍အားကစားဝန်ကြီးဌာနမှ ငွေကျပ်၅၆၇ ဒသမ ၆၇ သိန်း အကုန်အကျခံကာ ပြင်ဆင်ခဲ့သဖြင့် ယနေ့ ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရက မြန်မာ့အားကစား အဆင့်အတန်း တိုးတက်အောင်မြင်စေရေးအတွက် မည်သည့်ခေတ်ကာလနှင့်မျှ မတူအောင် အဘက်ဘက်က ကြိုးပမ်းပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် အားကစားသမားများအနေဖြင့် တိုင်း၏အောင်မြင်မှုအစဉ်အလာကောင်းများကိုဆက်လက်ထိန်းသိမ်းပြီး မြို့နယ်လက်ရွေးစင်မှသည် နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင်အားကစားသမားများအဖြစ်တက်လှမ်းနိုင်အောင်ကြိုးစားကြစေလိုကြောင်းဖြင့် ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ထို့နောက်ပြိုင်ပွဲဝင်ဘောလုံးအသင်းများမှ အားကစားသမားများ အားကစားအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

ပေးအပ်

ယင်းနောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အားကစားဝန်ကြီးဌာနမှလှူဒါန်းသည့် ဘောလုံး အလုံး၅၀ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ လှူဒါန်းသည့် ဘောလုံး အလုံး ၅၀ ကိုလည်းကောင်း ရန်ကုန်တိုင်း ဘောလုံး ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် မြင့်ဆွေ(အငြိမ်းစား) သို့ ပေးအပ်ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် ဧည့်ပရိသတ်များသည် ဒုတိယ အဆင့် အုပ်စုပတ်လည် ဘောလုံးပြိုင်ပွဲ၏ အုပ်စု(ကက)မှ အင်းစိန်မြို့နယ် အသင်းနှင့် တောင်ဥက္ကလာပမြို့နယ် အသင်းတို့၏ ဘောလုံးယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ယနေ့ ဖွင့်လှစ်သည့် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်ရှိ လှိုင်မြို့နယ် အားကစားကွင်း အထူးတန်း ပွဲကြည့်စင်သည် အလျား၁၀၅ပေ၊ အနံ ၄၅ပေ၊ အမြင့်၁၈ပေ၊ ၉ လက်မရှိပြီး ပရိသတ် ၁၀၀၀ ဆံ့သည့် ပွဲကြည့်စင် ဖြစ်သည်။

ကျင်းပသွားမည်

၂၀၀၅ခုနှစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလား မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်မှ ပထမနှင့်ဒုတိယရရှိသည့် ဘောလုံးအသင်းရှစ်သင်းပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဩဂုတ် ၂၂ရက်မှ စက်တင်ဘာ၈ရက်အထိ လှိုင်မြို့နယ် အားကစားကွင်း၌ ကျင်းပသွားမည် ဖြစ်သည်။ (သတင်းစဉ်)

ဝန်ကြီးဒေါက်တာချမ်းငြိမ်းအား ဗီယက်နမ်ဝန်ကြီးတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၃

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းအား အရှေ့တောင်အာရှနိုင်ငံများ၏ ပညာရေးဝန်ကြီးများကောင်စီ (SEAMEO Council) ဥက္ကဋ္ဌ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပညာရေးနှင့် လေ့ကျင့်ရေးဝန်ကြီး H. E Prof. Dr. Nguyen Minh Hien သည် ယမန်နေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ အရှေ့တောင် အာရှနိုင်ငံများ၏ ပညာရေးဝန်ကြီးများ ကောင်စီ (SEAMEO Council)ရုံးမှ ညွှန်ကြားရေးမှူး Dr.Edilberto C de Jesus လည်း လိုက်ပါလာပြီး အရှေ့တောင် အာရှနိုင်ငံများ၏ ပညာရေး ဝန်ကြီးများကောင်စီနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို လည်းကောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်နိုင်မည့် ပညာရေးပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာဥပဒေမူကြမ်းများနှင့်စပ်လျဉ်း၍ အကြံပြုရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေမူကြမ်းများ ရေးဆွဲရာတွင် အကြံပြုရေးအတွက် ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အဖွဲ့ (World Intellectural Property Organization- WIPO)နှင့်သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်း ကြီးမှူးကျင်းပသည့် အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park အစည်းအဝေးခန်းမ၌ကျင်းပသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲ အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့် ဦးမြင့်နိုင်၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကမ္ဘာ့ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (WIPO)မှ အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Economic Development Bureau For Asia And The Pacific)မှ ညွှန်ကြားရေးမှူး Mr. Ranjana Abeysekera နှင့် ဥပဒေကျွမ်းကျင်သူ ပညာရှင်များ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်ကြီးများအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်း၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တို့မှ တာဝန်ရှိသူများ၊ရှေ့နေချုပ်ရုံးနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဥပဒေရေးဆွဲရေးဆိုင်ရာဥပဒေပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေ အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

နှုတ်ခွန်းဆက်

ဆက်လက်၍ ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အဖွဲ့ (WIPO)၏ အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး Mr. Ranjana Abeysekera က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်နှင့် အဖွဲ့ဝင်များသည် ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အဖွဲ့မှ အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ညွှန်ကြားရေးမှူး Mr. Ranjana Abeysekera နှင့် အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အဆိုပါ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဆိုင်ရာ ဥပဒေမူကြမ်းများနှင့်စပ်လျဉ်း၍ အကြံပြုရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက်အထိ MICT Park ၌ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာသင် ချီးမြှင့်ငွေပေးအပ်ပွဲကို ဇူလိုင် ၃၁ရက်က အမက(၈) မရမ်းကုန်း၌ ကျင်းပရာ နာယကဦးစံညွန့်က ထက်၊ လယ်၊ မူ၊ တက္ကသိုလ်ကျောင်းသူကျောင်းသားများအတွက် စုစုပေါင်း ငွေကျပ် ၅၆၀၀၀၀ ကို အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းသို့ ပေးအပ်စဉ်။ (က-ပ)

ရန်ကုန်မြို့ လှိုင်မြို့နယ်(၈)ရပ်ကွက် ပဏ္ဍိတလမ်းနေ ဦးကျင်ဟုတ်(၈၉)နှစ် မွေးနေ့အလှူ (ဒေါ်သောင်းစိန်) မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၂)၊ စကားဝါလမ်း မင်းကွန်းဆရာတော်ဘုရားကြီး တိပိဋကကျောင်းတော်၏ တိုးချဲ့(၆)ထပ် ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ငါးသိန်းကို တိ-နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေ(သံအမတ်ကြီး၊ ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အိမ်တွင်းမှုသက်မွေးသင်တန်းသူများအား တွေ့ဆုံအားပေး

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်သည် အဖွဲ့ဝင်များဖြစ်ကြသော အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်အေး၊ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မာထွန်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါ်ခင်မစိုးနှင့် တာဝန်ရှိသူများသည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းသို့ သွားရောက်၍ သင်တန်းသူများအား စက်ချုပ်၊ ဇာထိုး၊ ပန်းထိုးနှင့် အိမ်တွင်းမှုသက်မွေးပညာရပ်များ သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆည့်ခန်းမ၌သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်သိမ့်ဆွေးနွေးအားပေးစကားပြောကြားသည်။ ယင်းနောက် ဒုတိယဥက္ကဋ္ဌသည် သင်တန်းသူ ၂၃ဦးအား တစ်ဦးလျှင် ငွေကျပ်နှစ်ထောင်နှုန်းဖြင့် ပေးအပ်ချီးမြှင့်သည်။(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့်အဖွဲ့ဝင်များ အမျိုးသမီးသက်မွေးပညာသင်ကျောင်းရှိ သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်သိမ့် ဆွေးနွေးအားပေးစကားပြောကြားစဉ်။
(သတင်းစဉ်)

ဘဏ္ဍာ/ အခွန်အသင်း အကြိုဗိုလ်လုပွဲတက် သစ်တောအသင်းကို သုံးဂိုးပြတ်ဖြင့်နိုင်

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၅–၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယကွာတားဖိုင်နယ်အဖြစ် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် သစ်တောရေးရာအသင်းတို့ ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်း အားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဘဏ္ဍာ/အခွန်အသင်း သုံးဂိုး
(ထွန်းထွန်းဝင်း–နှစ်ဂိုး၊
မိုးကျော်သူ–တစ်ဂိုး)
သစ်တောရေးရာအသင်း ဂိုးမရှိ
ဒိုင်လူကြီး ဦးဝင်းဦး

ဘဏ္ဍာ/အခွန်အသင်းတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် လက်ရွေးစင်အသင်းအတွက် ပဏာမရွေးချယ်ထားသည့် အမာခံကစားသမား ခုနစ်ဦး မပါဝင်သော်လည်း သစ်တောအသင်းကို ခြေအသာ၊ ဂိုးအသာဖြင့် အနိုင်ယူပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခြင်းဖြစ်သည်။

ပထမပိုင်း

ပထမပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်းက အချိတ်အဆက်မိမိဖြင့် ကစားရာ သစ်တောအသင်းက တိုက်စစ်ထက် ခံစစ်ကို ဦးစားပေးကစားခဲ့ရသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် ထွန်းထွန်းဝင်းက ၁၆မိနစ်နှင့် မိနစ်၂၀တို့တွင် ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းတွင် ဘဏ္ဍာ/အခွန်က နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် သစ်တောအသင်းကစားကွက်ပြန်မိလာပြီး ချေပဂိုးရရှိရန် ကြိုးစားလာသော်လည်း ဂိုးသွင်းမှုများမှာ တိုင်ထိထွက်ခြင်း၊ ဂိုးသမားဟိန်းဇေယျာကျော် ကာကွယ်နိုင်ခြင်းတို့ကြောင့် ဂိုးမရခဲ့ပေ။ ဘဏ္ဍာ/အခွန်အသင်းအတွက် တတိယဂိုးကို ပွဲပြီးရန် တစ်မိနစ်အလိုတွင် မျိုးလှိုင်ဝင်းကန်တင်ပေးသော ပြစ်ဒဏ်ဘောမှ တစ်ဆင့် မိုးကျော်သူက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်း၌ အာဆီယံယူ–၂၀ ချန်ပီယံအသင်းမှ ထူးကျော်ပါဝင်ကစားသွားခဲ့သည်။

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသည် အကြိုဗိုလ်လုပွဲ၌ စွမ်းအင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

ညနေ ၃ နာရီခွဲ
(အောင်ဆန်းကွင်း)
လယ်/ဆည်နှင့် တံခွန်
(ကြေးမုံ)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဗဟိုအားကစားကော်မတီ အတွင်းရေးမှူး၊ ကြက်တောင် အားကစားဆပ်ကော်မတီဥက္ကဋ္ဌ၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်သို့ အလှူငွေပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ လက်ခံစဉ်။
(ကြေးမုံ)

ဘဏ္ဍာ/ အခွန်ဝန်ကြီးဌာန ဌာနပေါင်းစုံ ကြက်တောင်ပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၂၀၀၅ ခုနှစ် ဒုတိယအကြိမ် ဌာနပေါင်းစုံ ကြက်တောင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျုံးကြီးလမ်းရှိ အမျိုးသားကြက်တောင် အားကစားခန်းမတွင် ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဗဟိုအားကစားကော်မတီနာယက ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဗဟိုအားကစားကော်မတီ အတွင်းရေးမှူး၊ ကြက်တောင်အားကစား ဆပ်ကော်မတီဥက္ကဋ္ဌ၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ(ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း)နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဗဟိုအားကစားကော်မတီနာယက၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဝန်ကြီးထံ ယမန်နှစ်ချန်ပီယံအသင်းဖြစ်သည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်အသင်းက တံခွန်စိုက်ဆုဖလားပြန်လည်အပ်နှံသည်။ ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဗဟိုအားကစားကော်မတီ အတွင်းရေးမှူး၊ ကြက်တောင်အားကစား ဆပ်ကော်မတီဥက္ကဋ္ဌ၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်သို့ အလှူငွေပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက လက်ခံရယူသည်။
(ကြေးမုံ)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ် ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဝါခေါင်လ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီခွဲတွင် မြန်မာနိုင်ငံ ဂေါက်ကွင်း ကိုးမိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။
(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် လှိုင်မြို့နယ် အေးရိပ်မွန် တိုက် (၁၀) မှ နှစ်ဖက်သော အဘိုးအဘွား အမိအဖတို့အားရည်စူး၍ ဦးကျော်အုန်း–ဒေါ်ကျင်ရွှေမိသားစု (ထန်းတပင်မြို့နယ် စန္ဒယော)က ငွေကျပ်၁၁၁၁၁၁ ကို အထွေထွေအတွင်းရေးမှူး ဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းမည်

ရန်ကုန် ဩဂုတ် ၂၃

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း (အောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း (အထက်ပိုင်း)၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၂၄ရက် ညနေအထိ ခန့်မှန်းချက်မှာ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း(အောက်ပိုင်း)နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာခိုင်နှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းမည်။

ရန်ကုန်တိုင်း ရွှေပြည်သာ မြို့နယ် အမှတ်(၄၄) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၄ – ၂၀၀၅ ပညာသင် နှစ်မိဘ ဆရာ အသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကိုဩဂုတ် ၂၀ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်မို့မို့သန်းက ဒုတိယတန်းကျောင်းသား မောင်လမင်းထက်အား ဆုချီးမြှင့်စဉ်။
(က–ပ)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရုံးခွဲမှ ကုန်သည်ကြီးများအား စူပါကော်ဖီမစ်ကုမ္ပဏီက ဂုဏ်ပြုပွဲတွင် စူပါကော်ဖီမစ်ရောင်းအား အကောင်းဆုံး ပထမဆုရ ဦးစိုးမြင့်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(က–ပ)



အစိုးရနည်းပညာကောလိပ်(လားရှိုး) တည်ဆောက်မှုကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း လားရှိုးမြို့ ဟိုပိတ်ကျေးရွာ အနီး တည်ဆောက်လျက်ရှိသည့် အစိုးရနည်းပညာ ကောလိပ်(လားရှိုး) တည်ဆောက်နေမှုကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ယူကရိန်းသမ္မတနိုင်ငံလွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၄

၂၀၀၅ ခုနှစ် ဩဂုတ် ၂၄ ရက်၌ ကျရောက်သည့် ယူကရိန်းသမ္မတနိုင်ငံ၏ လွတ်လပ်ရေး နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံ တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ယူကရိန်း သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စ ယူလီယာ တိုင်မိုရှန့်ကို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဆင်းရွှေလီပဲပုပ်၊ နေကြာ၊ ပြောင်း၊ လိုင်ချီးစိုက်ခင်းများနှင့် လားရှိုးမြို့ အစိုးရနည်းပညာကောလိပ် တည်ဆောက်နေမှု လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ တပ်မတော်အရာရှိများ၊ တိုင်းရင်းသားခေါင်းဆောင်များ လိုက်ပါလျက် ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်း၏ ပျိုးဥယျာဉ်အမှတ်(၁) ပျားလိမ္မော်အပင် ၁၅၀၀ စိုက်ပျိုးရေးခြံသို့ ရောက်ရှိကြရာ စိုက်ကွင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး မျိုးချစ်က ခေတ်မီတိုက်ရိုက်စနစ်ဖြင့် ပျားလိမ္မော်များ စိုက်ပျိုးပြုစု ပျိုးထောင်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်စခန်းရုံးမိသားစုများ၏ ဧက ၁၀၀ နှစ်ရှည်ပင်နှင့် ရာသီသီးနှံမျိုးစေ့ဥယျာဉ်အတွင်း ခင်းကျင်းပြသထားသော ဆင်းရွှေလီပဲပုပ်မျိုးစေ့၊ ဆင်းရွှေလီနေကြာမျိုးစေ့နှင့် ဆင်းရွှေလီအစေ့ထုတ်ပြောင်းမျိုးစေ့နမူနာ များနှင့် ယင်းသီးနှံများမှထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းများကိုသွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆော-ကျောက်ထု-ထီးလင်း-ရေမျက်နီလမ်း ဖွင့်ပွဲ ကျင်းပ ဂန့်ဂေါခရိုင်မှ ပြည်သူများ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းသို့ ရာသီမရွေး နေ့ချင်းပေါက် သွားလာနိုင်ပြီ

ရန်ကုန် ဩဂုတ် ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မကွေးတိုင်းဂန့်ဂေါခရိုင်က တာဝန်ယူဖောက်လုပ်ပြီးစီးခဲ့သော အရှည် (၇၇မိုင် ၇ဖာလုံ)ရှိ ဆော-ကျောက်ထု-ထီးလင်း-ရေမျက်နီလမ်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီတွင် မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့ ကျောက်ထု-ဆောလမ်း မိုင်တိုင်(၂၄/၂)ရှိ မုခ်ဦးအမှတ်(၁)၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက် မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ နယ်မြေခံ တပ်မတော်အရာရှိကြီး များ၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှတာဝန်ရှိသူများ၊တိုင်း၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ၊ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။ စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍